# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၃၂၀)


## ရေလုပ်ငန်းပြန်လည်ထူထောင်ရေး ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်

**ရန်ကုန် ဩဂုတ် ၁၉**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိသည်။

### ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေလိုက်ပါလျက် ဆက်လက်ထွက်ခွာခဲ့ရာ လမ်းခရီးတစ်လျှောက်ရှိ မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လပွတ္တာခရိုင် လပွတ္တာမြို့သို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၀၈ ခုနှစ် ဩဂုတ် ၂၀ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာလာဇလို ဆိုလီယာမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဟန်ဂေရီနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၀၈ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဟန်ဂေရီသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖဲရယ့်စ် ဂျူတ်ချ်ဆာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့ အုတ်တွင်းကျေးရွာအုပ်စု ခုံကြီးကျေးရွာသစ်တွင် လူနေအိမ်ရာများ ပြီးစီးမှုနှင့် ဆောက်လုပ်ပြီးနေအိမ်များတွင် အိုးအိမ်မဲ့ပြည်သူများအား စနစ်တကျနေရာချထားပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ရန်ကုန်-ပုသိမ်ကားလမ်းကို အမြန်ဆုံးပြုပြင် ပြုပြင်ပြီးလမ်းများ အမြဲကောင်းမွန်ရေး တစ်နေရာပျက် တစ်နေရာပြင်စနစ် ကျင့်သုံး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုး

**ရန်ကုန် ဩဂုတ် ၁၉**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၈ရက် မွန်းလွဲ ၂နာရီခွဲတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြဇရာအစည်းအဝေးခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဩဂုတ် ၂၀ ရက်)

# လေဘေးသင့်ဒေသများ အခြေခံကောင်းများ ထူထောင်ပေးထား လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံတွင် လွန်ခဲ့သော မေ ၂ ရက်နှင့် ၃ ရက်က ကျရောက်ခဲ့သည့် မုန်တိုင်းကြောင့် လေဘေးသင့်ခံခဲ့ရသည့်ဒေသများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်မှ ငွေအား၊ လူအား၊ စက်ယန္တရားအား၊ ပေါင်းစည်းညီညွတ်မှုအားတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။

နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ပေးမှု၊ စေတနာရှင်များ၏ ပံ့ပိုးကူညီမှု၊ ပြည်သူများ၏ ပူးပေါင်း ဆောင်ရွက်မှုတို့ကြောင့် လေဘေးသင့် ကျေးရွာများသည် ယခုအခါ မူလအနေအထားထက် ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပြီ ဖြစ်သည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၇ရက်က လေဘေးသင့်ခံခဲ့ရသော ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာသို့ ကွင်းဆင်းသွားရောက်ခဲ့ပြီး ကျေးရွာရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က "စိုက်ပျိုးရေးလုပ်ငန်းကို ကြိုးစားဆောင်ရွက်ရန်၊ ရရှိလာသည့်ငွေကြေးကို စုဆောင်း၍ မိမိ၏ လူမှုစီးပွားဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ကြရန်၊ ကျောင်းနေအရွယ်ကလေးများပညာတတ်စေရန် စာသင်ကြားနိုင်ရေးဆောင်ရွက်ပေးကြရန်" မှာကြားခဲ့ပေသည်။

ထို့ပြင် ကျေးရွာရှင်းလင်းဆောင်ဦးလည်း ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သီးထပ်သီးညှပ် စိုက်ပျိုးရေး၊ အထွက်ကောင်းစပါးများ ပြောင်းလဲစိုက်ပျိုးရေး၊ နိုင်ငံတော်မှ အခြေခံကောင်းများ ထူထောင်ပေးထားပြီးဖြစ်၍ အလုပ်ကို ယခင် ကထက် ပိုမိုကြိုးစားလုပ်ရန်နှင့် ပင်ပင်ပန်းပန်း ရှာဖွေရရှိသည့် ဝင်ငွေကို စုဆောင်းကြရန်၊ အလွယ်တကူသုံးဖြုန်းမပစ်ရန်၊ ကျေးရွာအုပ်ချုပ်ရေး အကြီးအကဲမှ ဦးဆောင်စည်းရုံးဆောင်ရွက်သွားရန်" မှာကြားခဲ့ပေသည်။

သို့ဖြစ်ပေရာ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရာတွင် ဒေသခံပြည်သူများအနေဖြင့် အင်သစ်အားသစ်များမွေး၍ ကြံ့ခိုင်စေပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို အချိန်တိုအတွင်း ပိုမိုတိုးတက်စေရန် ဆောင်ရွက်ရာ၌ တိုင်းရင်းသား ပြည်သူများကပါ ဝိုင်းဝန်းလက်တွဲ သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် ကြီးအတွင်း ယောဂီများ စိတ်အေးချမ်းသာစွာ တရားအားထုတ်နိုင်ရေး ရည်ရွယ်၍ စုပေါင်း ဆောင်ရွက် ဆောက်လုပ်လျက်ရှိသော လေးထပ် ဘောဇနဆောင်အတွက် ဒေါ်ခင်ဆွေဦး အမှတ် ၄၀၀ ရွှေဘုံသာလမ်းက ငွေကျပ် တစ်သိန်း၊ ဦးသန်းထွန်း၊ ညီမ ဒေါ်ခင်ဆွေ နှင့် တူတူမများ ဒုတိယသီရိရိပ်သာ အောက် ကြည့်မြင်တိုင်လမ်းက ငွေကျပ်နှစ်သိန်း၊ ဦးညီ ညီ-ဒေါ်ရီရီ၊ ကိုနေလင်းညီညီ၊ ဒေါက်တာ ကျော်တန်အောင်-ဒေါက်တာ နေခြည်ညီညီ မိသားစု ရွှေမာလာရိပ်မွန် ကမာရွတ်က ငွေကျပ်တစ်သိန်း၊ ဒေါ်စန်းမြင့်မိသားစု ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်က ငွေကျပ် တစ်သိန်း၊ ကိုဝင်းမော်၊ ညီမ မကြည်ကြည် ဟန်၊ မဖြူအောင် မောင်နှမတစ်စု ဒလမြို့ နယ် အုံ့ကြီးအရှေ့က ငွေကျပ်တစ်သိန်း၊ ကိုထွန်းလင်းအောင်-မဌေးဌေးရီမိသားစု အမှတ် ၅၆၊ ၉လမ်း လမ်းမတော်ကငွေကျပ် တစ်သိန်း၊ ဦးမြင့်သွင်-ဒေါ်စန်းစန်းကြူ၊ သားသမီး၊ မြေးတစ်စု ရွှေတောင်ကြား၂ ဗဟန်းမြို့နယ်က ငွေကျပ်တစ်သိန်း၊ ဦးချစ် စိန်-ဒေါ်မြင့်မြင့်ရီ၊ သမီး ကေဇင်ဦး၊ ဇင်လဲ့ လဲ့ခိုင် မကြီးကြီးလမ်း စမ်းချောင်းမြို့နယ်က ငွေကျပ်သုံးသိန်း၊ ဒေါ်အေးတင် မိသားစု ဗိုလ်တထောင်မြို့နယ်က ငွေကျပ်တစ်သိန်း တို့ကို အသီးသီးလှူဒါန်းကြသည်။

**ဆက်သွယ်နိုင်**

စုပေါင်း ဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ရခိုင်ပြည်နယ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ တိုင်းမှူးဗိုလ်ချုပ်သောင်းအေး တက်ရောက်ကြည့်ရှုအားပေး

စစ်တွေ ဩဂုတ် ၁၉

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၈နာရီက စစ်တွေမြို့ရှိ မင်းဂံရပ်ကွက် ကန်တော်ကြီး မိုးစပါး စံပြစိုက်ကွင်း၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်အဖွင့်အမှာ စကား ပြောကြားပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင် ပြည်နယ်၊ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တောင်သူ လယ်သမားများနှင့် ကောက်စိုက်ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲဝင် အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသောအသင်းများ၊ ၂၀၀၇-၂၀၀၈ခုနှစ် လယ်ယာကဏ္ဍလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု ထူးချွန်ဆုရ မြို့နယ်များနှင့် ထူးချွန်တောင်သူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ **(ယာပုံ)** **(ပြည်နယ် ပြန်/ဆက်)**

## အလက(၁) ဒဂုံ (ယခင်အမက-၅ ဒဂုံ) အာစရိယပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၁၉

အလက(၁)ဒဂုံ(ယခင်အမက-၅ဒဂုံ) တွင် ၁၉၈၃-၈၄ ပညာသင်နှစ်မှ ယခုအထိ ပညာသင်ကြားပေးခဲ့သော ကျောင်းအုပ် ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမ များအား ကျောင်းသူကျောင်းသားဟောင်း များက အာစရိယပူဇော်ပွဲ အခမ်းအနားကို စက်တင်ဘာ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အလက(၁)ဒဂုံ နဝရတ်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။ ဆက်သွယ်လှူဒါန်း လိုသူများသည် အလက(၁)ဒဂုံ ဖုန်း- ၂၅၃၄၃၄၊ ဒေါ်လှလှကြည် ဖုန်း-၅၀၅၉၇၉၊ ဒေါ်ခင်ထားကြူ ဖုန်း-၀၉-၅၁-၇၁၄၂၂၊ ဒေါ်လဲ့လဲ့ဝင်း ဖုန်း-၀၉-၅၀-၃၄၁၃၂၊ ဒေါ်ဌေးဌေးကြွယ် ဖုန်း-၇၂၁၄၂၀၊ ဒေါ်အေး အေး ဖုန်း-၀၉-၅၀-၄၁၇၉၆၊ မထူးထူးလွင် ဖုန်း-၂၁၀၈၆၀နှင့် မောင်သူရဦး ဖုန်း-၀၉-၅၁-၅၁၂၁၁ တို့သို့ ဆက်သွယ်ကြရန် တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မြဝတီရုပ်မြင်သံကြား

၂၀-၈-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၆။ | အမျိုးသားရေးတေးကဗျာ |
| ၅း၂၀ | ၇။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅း၃၀ | ၈။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၄၀ | ၉။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၅၀ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၄။ | ကာတွန်းအစီအစဉ် **ကျားကလေးရဲ့ မွေးရပ်မြေ** (အပိုင်း-၂၂) |
| ၆း၄၅ | ၁၅။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၅၅) |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | ဖြေလိုက်ပါ |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း -၄၂) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၀၈ ( ဗုဒ္ဓဟူးနေ့ )

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | **မသေခင်ကပြင်ဆင်ကြ** တရားတော် (ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျ) |
| ၇း၅၀-၁း၅၀ | Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)] |
| ၈း၂၀-၂း၂၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၄၅-၂း၄၅ | ဉာဏ်ရည်မြင့်မား မျိုးဆက်သစ်လူငယ်များ |
| ၉း၀၀-၃း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၀-၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅-၃း၁၅ | ခါးနာရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း) |
| ၉း၅၀-၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅-၃း၅၅ | ရေပျော်ငှက်တို့နားခိုရာ |
| ၁၀း၀၅-၄း၀၅ | တေးဂီတအစီအစဉ် |
| ၁၀း၁၀-၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅-၄း၁၅ | Celebrity Profile (Britney Spears) |
| ၁၀း၄၅-၄း၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၅-၄း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀-၅း၀၀ | **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ ဖိုးဇော်၊ မောင်မောင်မြင့်၊ ရှင်ဖုန်း၊ သိမ့်ချယ်၊ နိုင်ဆုသွယ် (ဒါရိုက်တာမောင်မောင်မြင့်) |
| ၁၁း၂၀-၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅-၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀-၅း၃၀ | Yangon Panorama (MEGA LIFESCIENCES ရဲ့ GLOW ပစ္စည်းသစ်မိတ်ဆက်ပွဲ) |
| ၁၁း၅၅-၅း၅၅ | သီးနှံစိုက်ပျိုးအထွက်တိုး (မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ) |
| ၁၂း၀၅-၆း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၁၀-၆း၁၀ | စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ဆေးဖက်ဝင်ပင်ပွား ကျောက်ကျော၊ Mango ပူတင်းဂျယ်လီ ကျောက်ကျော) |
| ၁၂း၃၅-၆း၃၅ | Myanmar Video Rhythm |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။**

### International Friendlies ဘောလုံးပွဲစဉ်များ

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၀၀ | England -Czech Republic | Star Sports (Live) |

### Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

| ညနေ | အကြောင်းအရာ | ပြသမည့်လိုင်း |
|---|---|---|
| ၃း၃၀ | Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ | MRTV-4 (Live) |

# လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံနှင့် မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံများ

## ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ်၁၆ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)သို့ရောက်ရှိပြီး ရှေးဦးစွာ စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ ရေ(၁)လက်တွန်းထွန်စက်များ၊ ကူဘိုတာရေစုပ်စက်များကို အရည်အသွေးပိုမိုကောင်းမွန်အောင် ထုတ်လုပ်ရေး၊ အရေအတွက်များများ ထုတ်လုပ်ရေးတို့ကို ဝန်ထမ်းများအားလုံး ပါဝင်ဆောင်ရွက်ကြရေး မှာကြားသည်။

**တီထွင်ကြံဆ**

ထို့နောက် ဝန်ကြီးသည် ပန်းတောင်းမြို့နယ်ရှိ အမှတ်(၂)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)သို့ရောက်ရှိပြီး မော်တော်ယာဉ်များ တပ်ဆင်မှုအလုပ်ရုံ၊ ဆေးမှုတ်အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးကာ မော်တော်ယာဉ်များထုတ်လုပ်ရာတွင် သုံးစွဲသူအဆင်သင့်ဖြစ်ရေး၊ ဆေးသားများ သေသပ်ကောင်းမွန်ရေး၊ ယခုထက်ပိုမိုကောင်းမွန်အောင် အမြဲတီထွင်ကြံဆနေရေးတို့ကိုမှာကြားသည်။

**ဝိုင်းဝန်းကြိုးပမ်း**

ဆက်လက်၍ စက်ရုံအတွင်းဖွင့်လှစ်သင်ကြားလျက်ရှိသည့် အခြေခံစက်မှုသင်တန်းကျောင်းသို့ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများအား အားပေးစကားပြောကြားကာ ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ၂၀၀၈-၂၀၀၉ ခုနှစ် ရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဝန်ကြီးသည် ဩဂုတ် ၁၇ ရက် ညနေပိုင်းတွင် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ထောက်ကြန့်)သို့ ရောက်ရှိပြီး ထုတ်လုပ်ပြီး Double Cab ယာဉ်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမြတ်တရား လေးပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။

ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သည်။

ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။

နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

(ဓမ္မပဒ - ၂၀၄)

# ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်

## သစ်စက်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်သည် ဩဂုတ် ၁၇ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့ မြို့မဆွမ်းလောင်းဓမ္မာရုံ၌ ဘိုကလေးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၃ကျောင်းမှ သံဃာတော်အပါး ၉၀၀ ကျော်အား အရဏ်ဆွမ်းလောင်းလှူပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

ဝန်ကြီးသည် ဩဂုတ် ၁၈ ရက်တွင် ဖျာပုံမြို့ ရေကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှိ ပြည်တွင်း ကုန်တင်ကုန်ချ ကော်မတီရုံး၌ ဒေသခံပြည်သူ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားကာ ကျေးရွာရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ် ၁၀သိန်းနှင့် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာများကို ပေးအပ်လှူဒါန်းသည်။

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေ့လယ်ပိုင်းတွင် ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးက အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းပြီး တိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ဆေးရုံအတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၁၉ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် Mogok Pride သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်းသစ်ခွဲစိတ်လည်ပတ်ပုံအဆင့်ဆင့်၊ ကြမ်းခင်းပြားထုတ်လုပ်နေမှုများ၊ သစ်၏ကျုံ့ကြွမှု တိုင်းတာစစ်ဆေးခန်း၊ တန်ဖိုးမြှင့်သစ်ခွဲသားများ၊ ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ထုပ်ပိုးထားရှိမှု**

ဆက်လက်၍ ဝန်ကြီးသည် Beautiful Wood Industry သစ်အချောထည်စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်မှု အဆင့်ဆင့် တရုတ်ရိုးရာ ပရိဘောဂများထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး တန်ဖိုးမြှင့်သစ်ခွဲသားများအား ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ရန်ကုန်မြို့ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် Mogok Pride သစ်အချောထည်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သစ်တော)

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်း

## ဟန်ဂေရီနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၀

၂၀၀၈ ခုနှစ် ဩဂုတ် ၂၀ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းထံမှ ဟန်ဂေရီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကင်ဂါဗွန့်ဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# လေဘေးသင့်ပြည်သူများအတွက်

## ကချင်ပြည်နယ်မှပြည်သူများ ပစ္စည်းနှင့်ငွေ လှူဒါန်း

မြစ်ကြီးနား ဩဂုတ် ၁၉

လေဘေးသင့်ပြည်သူများအတွက် ကချင်ပြည်နယ်အတွင်း ခရိုင်နှင့် မြို့နယ်၊ မြို့အသီးသီးမှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်မတော်မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေး စိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးပို့လျက်ရှိရာ မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်ရှိ စေတနာရှင်ပြည်သူများက လှူဒါန်းငွေကျပ် ၂၂၇၀၀၀၊ မိုးကောင်းမြို့နယ်ရှိ စေတနာရှင်ပြည်သူများက ငွေကျပ်၄၆၀၀၀၀၊ မြစ်ကြီးနားခရိုင်အတွင်းရှိ စေတနာရှင်ပြည်သူများက လှူဒါန်းငွေ ၆၃၁၈၆၅ကျပ်၊ ဌာနဆိုင်ရာများနှင့် တပ်ရင်းတပ်ဖွဲ့များရှိ စေတနာရှင်များက လှူဒါန်းငွေကျပ် ၃၃၀၀၀၀၊ ဆီးဆန်းစတားကုမ္ပဏီက လှူဒါန်းငွေကျပ်၂၀၀၀၀၀၀၀ တို့ကို ထပ်မံလှူဒါန်းခဲ့သဖြင့် ပဥ္စမအကြိမ်အဖြစ် ဩဂုတ်၁၈ရက်က ငွေကျပ် ၂၁၆၄၈၈၆၅ ကို ရန်ကုန်မြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆပ်ကော်မတီသို့ ပေးပို့လှူဒါန်းခဲ့သည်။

**လှူဒါန်း**

ကချင်ပြည်နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက ဩဂုတ်၁၈ရက်အထိ လှူဒါန်းပြီးဖြစ်သည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၉၂၁၈၅၂၂၀၅ ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ချင်းတွင်းမြစ်ရေနှင့် စစ်တောင်းမြစ်ရေအခြေအနေ

ဩဂုတ် ၁၉ရက် မွန်းလွဲ၁၂နာရီခွဲထုတ်ပြန်ချက်

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက်မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၂၇၉စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၁၃၆၀သို့ ရောက်နိုင်ဖွယ်ရာရှိသည်။

ထို့အတူ ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၂၉၀၀သို့ ရောက်ရှိနေကာ အဆိုပါမြစ်ရေသည် နောက်၂၄နာရီအတွင်း စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲခန့် မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

မော်လိုက်မြို့

အလားတူ မော်လိုက်မြို့တွင် စင်တီမီတာ၁၂၄၀သို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၀စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်၂၄နာရီအတွင်း တစ်ပေခန့် ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

ထို့အပြင် ကလေးဝမြို့တွင် ၁၅၂၃စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀သို့ ရောက်ရှိနိုင်ကြောင်း။

မုံရွာမြို့တွင် ၉၄၆စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်လေးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ၁၀၀၀သို့ ရောက်ရှိနိုင်ကြောင်း သိရှိရသည်။

စစ်တောင်းမြစ်ရေ

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၀နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၈၅စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါ မြစ်ရေသည် နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၆၀၀ အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်Mr.Gambari ရန်ကုန်တိုင်း လေဘေးသင့်ကွမ်းခြံကုန်းမြို့နယ် ညောင်ငူကျေးရွာ၌ ယာယီစာသင်ဆောင်များတွင် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုကိုကြည့်ရှုလေ့လာစဉ်။**(သတင်းစဉ်)

■ **ကျောဖုံးမှ**

ညပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့က Mr. Ibrahim Agboola Gambari အား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်တွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နံနက်ပိုင်းကလည်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Gambari နှင့်အဖွဲ့သည် ရန်ကုန်တိုင်း လေဘေးသင့် ကွမ်းခြံကုန်းမြို့နယ် အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုလေ့လာရန် ကွမ်းခြံကုန်းမြို့နယ်ရှိ ပြန်လည်ထူထောင်ရေးဗဟိုစခန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ခိုင်သိန်းက ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် Mr. Gambari နှင့် အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် တောချောင်းကျေးရွာ ကွင်းအမှတ်-၃၆၄ ၌ မိုးစပါးစိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ထန်းတောကျေးရွာ၌ လေဘေးသင့်မိသားစုများအတွက် ပြန်လည်တည်ဆောက်ပေးထားသော နေအိမ်များတွင် မိသားစုအလိုက် နေထိုင်နေမှုကိုလည်းကောင်း၊ ညောင်ငူကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်း အသစ်ပြန်လည်တည်ဆောက်နေမှုနှင့် ယာယီစာသင်ဆောင်များတွင် ကျောင်းသားကျောင်းသူများ ပညာသင်ယူနေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုလေ့လာသည်။

**(သတင်းစဉ်)**

# ဧရာဝတီတိုင်း ခုနစ်မြို့နယ်မှ စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်နှင့် စာရေးကိရိယာ၊ ပရိဘောဂများလိုအပ်

## လိုအပ်ချက်များဖြည့်ဆည်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြမည်

ရန်ကုန် ဩဂုတ် ၁၉

မုန်တိုင်းသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မည့် UN အဖွဲ့အစည်းများ၊ NGOs များပါဝင်သော လေဘေးသင့်ဒေသရှိ စာသင်ကျောင်းများ ပြုပြင်ရန်လိုအပ်မှုအခြေအနေနှင့် ကျောင်းသုံးပရိဘောဂ လိုအပ်ချက်ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မုန်တိုင်းသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် UN နှင့် INGOs များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**အကူအညီပေးသွားမည်**

ရှေးဦးစွာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူးက အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေကဆိုင်ကလုန်းမုန်တိုင်းကြောင့်ဧရာဝတီတိုင်းအတွင်းရှိ စာသင်ကျောင်းများစွာ ပျက်စီးခဲ့ရကြောင်း၊ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်လိုအပ်ကြောင်း၊ ကျောင်းအများစုမှာ စာရေးကိရိယာနှင့် ကျောင်းခန်းသုံးပရိဘောဂများစွာလိုအပ်နေကြောင်း၊ စာသင်အရွယ်ကလေးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနအနေနှင့်လည်း လိုအပ်သောအကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ UN နှင့် INGOs များက အဖွဲ့အစည်းများအလိုက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုတင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ကမကထပြု၍ မတည်ငွေထည့်ဝင်ပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း အတွင်းရှိ လေဘေးသင့်၍ပျက်စီးသွားသော မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ ၁၅ ဖွဲ့သို့ အလှူရှင်များ စုပေါင်းလှူဒါန်းထားသော ငွေကျပ် ၁၈၈၅၀၀၀၀ကို ဩဂုတ် ၂ ရက်က အဖွဲ့ချုပ်၌ အဖွဲ့ခွဲ ကိုယ်စားလှယ်များသို့ခွဲဝေလှူဒါန်းရာ ဥက္ကဋ္ဌ ဦးလှရွှေက အဖွဲ့ခွဲဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

# ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန ထူးချွန်ကျောင်းသားကျောင်းသူများနှင့် ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်ပွဲကျင်းပ

## ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၉

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများနှင့် ဝန်ကြီးဌာန ဂုဏ်ဆောင်ထူးချွန်အားကစားသမားများအား ပညာရည်ချွန်ဆုနှင့် အားကစားထူးချွန်ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။**

**ဆုပေးအပ်ချီးမြှင့်**

ထို့နောက် ဌာနဆိုင်ရာ အကြီးအကဲများက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေတို့က လေးဘာသာ ဂုဏ်ထူးရှင်များအားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ငါးဘာသာဂုဏ်ထူးရှင်များနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် မစိုးယုနွယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများက အားကစားထူးချွန်ဆုရ အားကစားသမားများဖြစ်ကြသော မသန်စွမ်းအားကစားသမားများနှင့် စားပွဲတင်တင်းနစ် အားကစားသမားများအား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက ခြင်းလုံးအားကစားသမားများအားလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ထူးချွန်ဘောလုံး အားကစားသမားများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**ကျေးဇူးတင်စကား**

ထို့နောက် ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မစိုးယုနွယ်နှင့် အားကစားထူးချွန်ဆုရ အားကစားသမားများကိုယ်စား ဘောလုံးအသင်းခေါင်းဆောင် စိုးမြတ်မင်းတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြား ကြသည်။

**ဆုများချီးမြှင့်ခဲ့**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ပညာသင်နှစ် ထူးချွန်ကျောင်းသားများ၊ ထူးချွန်အားကစားသမားများ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ သုံးဘာသာဂုဏ်ထူးရှင် ၁၉ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၉ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၃ဦး၊ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး စုစုပေါင်း ၅၂ဦးနှင့် ဘောလုံး၊ ခြင်းလုံး၊စက်ဘီး၊ စားပွဲတင်တင်းနစ်၊ မသန်စွမ်း အားကစားသမား ၅၄ဦးတို့အား ထူးချွန်ဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော မြို့မလမ်းကတ္တရာလမ်းပေါက်များအား ဖာထေးခြင်း လုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်နီနီအောင် ဇူလိုင်၁၅ရက်က ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးသက်ပိုင် ကွင်းဆင်းကြီးကြပ်စဉ်။**

(မြို့နယ်စည်ပင်)

**ဩဂုတ် ၂ ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကိုးသောင်းဈေး အပြင်ဘက် ရွှေတစ်ချောင်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ပန်းခုံများအတွင်းမှ ပန်းအလှပြုပြင်ခြင်းကို ဒုတိယဦးစီးမှူး(ဈေး) ဒေါ်မြင့်မြင့်မူ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

# ကော့မှူးမြို့နယ်၌ ငါးလုပ်ငန်းအဖွဲ့ဖွဲ့စည်း

**ရန်ကုန် ဩဂုတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူး မြို့နယ် ငါးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ်၁၄ရက် မွန်းတည့် ၁၂နာရီက ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့နှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က ငါးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ကော့မှူးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ကို ဦးပြုံးချိုဥက္ကဋ္ဌအဖြစ်ပါဝင်သော အဖွဲ့ဝင် ၁၅ဦးဖြင့် ဖွဲ့စည်းပြီး မြို့နယ်ငါးလုပ်ငန်းအဖွဲ့သို့ ငါးလုပ်ငန်းအဖွဲ့ချုပ်က ငွေကျပ်တစ်သိန်းနှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့က ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ်နှစ်သိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**(မြို့နယ် ပြန်/ဆက်)**

# မိုးမောက်မြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

မိုးမောက် ဩဂုတ် ၁၅

**ကချင်ပြည်နယ် ဗန်းမော်ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက်က မိုးမောက်တောင်ကွင်း အမှတ်(၁၃၇/က)၏ စပါးခင်း ၇၈ဒသမ ၆၅ဧက၌ ကျင်းပသည်။**

ငါးမျိုးစိုက်ထည့်ပေး

**အခမ်းအနားသို့ ဗန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက် ဦးစီးမှူး ဦးတင်ဦးနှင့် ရုံးအဖွဲ့ဝန်ထမ်းများ၊ ငါး လုပ်ငန်းစခန်းအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတိုးအောင်ဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရွှေဝါငါးကြင်း၊ တီလားပီးယားနှင့် ထိုင်းငါးခုံးမ စုစုပေါင်းငါးကောင်ရေ ၃၉၀၀၀ ကို မိုးစပါး စိုက်ခင်းများသို့ ငါးမျိုးစိုက်ထည့် ပေးကြကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)

## အင်ဒိုနီးရှား၌ သံသတ္တုရိုင်းစက်ရုံများ တိုးချဲ့တည်ဆောက်မည်

ဂျကာတာ ဩဂုတ် ၁၉

အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း ကာလီမန်တန်ပြည်နယ်၌ သံသတ္တုရိုင်းစက်ရုံသုံးရုံ တည်ဆောက်ရေးစီမံကိန်းအတွက် ဩဂုတ် ၁၈ရက်က စက်မှုဝန်ကြီးဌာနမှ ရှယ်ယာခေါ်ယူလျက်ရှိကြောင်း ဂျကာတာပို့စ် သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

**ရင်းနှီးမြှုပ်နှံ**

ယင်းလုပ်ငန်းစီမံကိန်းအတွက် ပြည်တွင်းကုမ္ပဏီများဖြစ်သည့် မီရာကျူဂျရာကုမ္ပဏီ၊ စီမာရဆာရာကုမ္ပဏီနှင့် မန်ဒန်သံမဏိလုပ်ငန်းကုမ္ပဏီတို့မှ အမေရိကန်ဒေါ်လာ သန်း၃၀၀ ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

**ထုတ်လုပ်နိုင်**

လောလောဆယ်၌ အင်ဒိုနီးရှားနိုင်ငံ၏ မီရာကျူကုမ္ပဏီအနေဖြင့် တန်ချိန် ၃၁၅၀၀၀၊ စီမာရကုမ္ပဏီမှ သံတန်ချိန် ၃၀၀၀၀၀နှင့် မန်ဒန်ကုမ္ပဏီမှ သံမဏိတန်ချိန် ၁၀၀၀၀၀၀ နှစ်စဉ်ထုတ်လုပ်နိုင်လျက်ရှိသည်။

သံသတ္တုရိုင်းစက်ရုံသစ် တည်ဆောက်မှုကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ၎င်းလုပ်ငန်းပြီးစီးပါက နှစ်စဉ်သံသတ္တုရိုင်းတန်ချိန် နှစ်သန်းထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယခုနှစ်အစောပိုင်းကာလအတွင်း သံသတ္တုရိုင်းများ ကမ္ဘာ့ဈေးကွက်သို့ ၅၀ရာခိုင်နှုန်း ဖြန့်ဖြူးနိုင်ခဲ့သည်။ **(အင်တာနက်)**

## ဘိုလီးဗီးယားသမ္မတနိုင်ငံ ဆိုသည်မှာ . . . .

**သတင်းအက်ဆေး**

*ဘိုလီးဗီးယား သမ္မတနိုင်ငံသည် တောင်အမေရိကတိုက် အနောက်အလယ်ပိုင်း အင်ဒီးစ်တောင်တန်းဒေသတွင် တည်ရှိသည်။ ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး တောင်အမေရိကတိုက်တွင် အမြင့်ဆုံးနှင့် အထီး ကျန်အဖြစ်ဆုံး နိုင်ငံဖြစ်သည်။ ဒေသခံတိုင်းရင်းသား အမျိုးအစားများပြားပြီး လူဦးရေ၏ သုံးပုံ နှစ်ပုံရှိသည်။*

**ပြိုကွဲ**

*၁၈၂၄ခုနှစ်တွင် ဗင်နီဇွဲလား လွတ်လပ်ရေးတိုက်ပွဲဝင်သူ ဆိုင်မွန်ဘိုလစ်ဗာက ဤနိုင်ငံကို စပိန်လက်အောက်မှ လွတ်မြောက်အောင် တိုက်ပွဲဝင်ခဲ့သည်။ ထို့ကြောင့်ပင် ဘိုလီးဗီးယားဟူသော အမည်ရလာခြင်းဖြစ်သည်။ ၁၈၂၅ခုနှစ်တွင် ဘိုလီးဗီးယားနိုင်ငံ လွတ်လပ်ရေးရပြီး၊ ဆိုင်မွန်ဘိုလစ်ဗာသမ္မတဖြစ်လာသည်။ ၁၈၃၆-၁၈၃၉ခုနှစ်တွင် ပီရူး ပြည်ထောင်စုဝင်ဖြစ်လာသည်။ သို့သော် ချီလီနှင့် စစ်ဖြစ်ရာ၌ ပီရူးရှုံးသဖြင့် ပြည်ထောင်စုလည်း ပြိုကွဲသွားသည်။*

**ပုန်ကန်ထကြွ**

*၁၈၇၉-၁၈၈၄ ခုနှစ်တွင် ဓာတ်သတ္တုကြွယ်ဝသော အတာကာမာဒေသရှိ ကမ်းရိုးတန်းနယ်မြေကို ချီလီသို့ပေးလိုက်ရပြီးနောက် ဤနိုင်ငံလည်းကုန်းတွင်းပိတ်နိုင်ငံဖြစ်သွားသည်။ ၁၉၀၃ ခုနှစ်တွင် ရော်ဘာဖြစ်ထွန်းသည့် အေကာပြည်နယ်ကို ဘရာဇီးနိုင်ငံသို့ ထိုးအပ်လိုက်ရပြန်သည်။ ၁၉၂၀ပြည့်နှစ်တွင် ဒေသခံတိုင်းရင်းသားတို့၏ ပုန်ကန်ထကြွမှုကြုံခဲ့ရသည်။*

**နုတ်ထွက်**

*၁၉၃၂-၁၉၃၅ခုနှစ်တွင် ချာကိုးစစ်ပွဲအပြီး နယ်မြေအချို့ ပါရာဂွေးသို့ ပေးလိုက်ရသည်။ ၁၉၅၂ခုနှစ်တွင် လယ်သမားများနှင့် သတ္တုတူးသမားများက စစ်အစိုးရကို ဖယ်ရှားလိုက်သောအခါ ဗစ်တာပက် အက်စတင်ဆိုရိုသမ္မတဖြစ်လာသည်။ လူမှုရေးနှင့် စီးပွားရေးပြုပြင်မှုလုပ်သည်။ ၁၉၆၄ခုနှစ်တွင် ဒုတိယသမ္မတဘာရီယင်းတော့ အာဏာသိမ်းသည်။ ၁၉၆၉ခုနှစ်တွင် သမ္မတဘာရီယင်းတော့ လေယာဉ်ပျက်ကျသေဆုံးသဖြင့် ဒုတိယသမ္မတ ဆာလီနတ် သမ္မတဖြစ်လာသည်။ ၎င်းကို စစ်တပ်က အာဏာသိမ်းသည်။ ၁၉၇၁ခုနှစ်တွင် စစ်ဘက်က အာဏာသိမ်းပြီး ဗိုလ်မှူးကြီးဘင်ဇာ အာဏာရလာသည်။ ၁၉၇၄ခုနှစ်တွင် ရွေးကောက်ပွဲရွှေ့ဆိုင်းပြီး နိုင်ငံရေးလှုပ်ရှားမှုကို တားမြစ်သည်။ အဂတိလိုက်စားမှုနှင့် မူးယစ်ဆေးဝါးမှောင်ခိုမှုများကြီးထွားလာသည်။ ၁၉၈၀ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီးဂါဘီယာ အာဏာသိမ်းသည်။ ၁၉၈၁ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဂါဘီယာကို ရာထူးမှ ထွက်စေပြီး ဗိုလ်ချုပ်ကြီးတော်ရီလီယိုက တာဝန်ယူပြန်သည်။ စီးပွားရေးအခြေအနေ ပိုဆိုးလာသဖြင့် ၁၉၈၂ခုနှစ်တွင် ရာထူးမှ ထွက်လိုက်ပြီး ဆီလက်ဇွာဇို ဦးဆောင်သည့် အရပ်သားအစိုးရထံ အာဏာလွှဲပေးလိုက်သည်။ သမ္မတဆီလက်သည်လည်း အထွေထွေသပိတ်နှင့် အာဏာသိမ်းရန် ကြိုးပမ်းမှုကြုံရပြီးနောက် ၁၉၈၅ခုနှစ်တွင် နုတ်ထွက်ခဲ့သည်။*

**ကြားဖြတ်သမ္မတဖြစ်လာ**

*၁၉၈၉ခုနှစ်တွင် လက်ဝဲသမား ပက်ဇာမိုရာသမ္မတဖြစ်လာသည်။ အာဏာရှင်ဟောင်း ဘင်ဇာနှင့် အာဏာခွဲဝေယူသည်။ ၁၉၉၃ခုနှစ် ရွေးကောက်ပွဲတွင် ဂွန်ဇာလိုဆန်ချက် အနိုင်ရသည်။ ၁၉၉၇ခုနှစ် ရွေးကောက်ပွဲတွင် ဘင်ဇာသမ္မတ ဖြစ်လာသည်။ ၂၀၀၂ခုနှစ်တွင် ဂွန်ဇာလိုဆန်ချက် ဒုတိယအကြိမ် သမ္မတဖြစ်လာသည်။ ၂၀၀၃ ခုနှစ်ကုန်ပိုင်းတွင် ကန့်ကွက်ဆန္ဒပြမှုကြုံကာ ဂွန်ဇာလိုဆန်ချက်ရာထူးမှ ထွက်ရသည်။ ကာလို့စ်မေဆာ ရာထူးဆက်ခံသည်။ ၂၀၀၅ခုနှစ် မတ်လတွင် မေဆာထွက်စာတင်သော်လည်း ကွန်ဂရက်ကလက်မခံ၍ ဆက်လုပ်နေရသည်။ ၂၀၀၅ခုနှစ် ဇွန်လတွင် မေဆာနုတ်ထွက်သည်။ အက်ဒွပ်ဒိုရိုဒရီဂွက် ကြားဖြတ်သမ္မတဖြစ်လာခဲ့သည်။*

*၂၀၀၅ခုနှစ် ဒီဇင်ဘာသမ္မတ ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ခေါင်းဆောင် အက်ဗိုမိုရာလက် အနိုင်ရသည်။ သူသည် ပထမဆုံးသော ဘိုလီးဗီးယား တိုင်းရင်းသား သမ္မတဖြစ်သည်။ ၂၀၀၆ခုနှစ် မေလတွင် စွမ်းအင်လုပ်ငန်းကို နိုင်ငံတော်ထိန်းချုပ်မှုအောက်သို့ သွတ်သွင်းလိုက်သည်။*

*ရေလွှမ်းမိုးမှုကြောင့် လူ ၆၀ကျော် သေဆုံးရသည့်အတွက် ၂၀၀၈ခုနှစ် မတ်လတွင် သမ္မတမိုရာလက်က အရေးပေါ် အခြေအနေ ကြေညာသည်။*

**အဆင်းရဲဆုံးနိုင်ငံ**

*ဘိုလီးဗီးယား သမ္မတနိုင်ငံသည် တွင်းထွက်ပစ္စည်းနှင့် စွမ်းအင်အရင်းအမြစ်များကြွယ်ဝသော်လည်း လက်တင်အမေရိကနိုင်ငံများအနက် အဆင်းရဲဆုံး နိုင်ငံ တစ်နိုင်ငံဖြစ်သည်။*

*မြို့နေချမ်းသာသော လက်တစ်ဆုပ်စာ လူတစ်စုမှာ အများအားဖြင့် စပိန်မျိုးနွယ်ဆက်များဖြစ်သည်။ ၎င်းတို့က ဤနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးလောကကို လွှမ်းမိုးချုပ်ကိုင်ထားသည်။ ပြည်သူအများစုမှာ တိုင်းရင်းသားဒေသခံများဖြစ်ပြီး ဝင်ငွေနည်းသည့် စီးပွားရေးကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည်။ ။*

***ကိုးကား-အင်တာနက်***

**တိုး-ရေးသားသည်**

**ကုန်းတွင်းပိတ်နိုင်ငံဖြစ်ပြီး တောင်အမေရိကတိုက်တွင် အမြင့်ဆုံးနှင့် အထီးကျန်အဖြစ်ဆုံး နိုင်ငံဖြစ်၊ ဒေသခံတိုင်းရင်းသားအမျိုးအစားများပြားပြီး လူဦးရေ၏ သုံးပုံနှစ်ပုံရှိ။**

## အင်တာနက်ကျန်းမာရေး

## ကိုယ်ဝန်ဆောင် အမျိုးသမီးများ စနစ်တကျ အိပ်စက်တတ်ရန်လိုအပ်

အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း အနေအထားမမှန်ဘဲ အိပ်ပါက မွေးဖွားလာမည့် ရင်သွေးငယ်များ ကျန်းမာရေးချို့တဲ့နိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက သတိပေးလိုက်သည်။

**ဖော်ပြ**

ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း စနစ်တကျမအိပ်ပါက မွေးဖွားလာသော ကလေးငယ်များမှာ ဥဏ်ရည်ထုံထိုင်းခြင်း၊ ကိုယ်လက်အင်္ဂါမသန်စွမ်းခြင်းနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားတတ်ကြောင်း ၎င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့် အိပ်စက်သည့်အခါ ဘယ်ဘက်ကိုစောင်းပြီး သက်သောင့်သက်သာအနေအထားဖြင့် အိပ်စက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒူးနှစ်လုံးအကြား ဖက်လုံးတစ်ခုကိုထားပြီး ဒူးခေါင်းနှစ်ခုစလုံး အလိုက်သင့်ကွေးသော အနေအထားဖြင့် အိပ်စက်ရန်လိုအပ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

**အကြံပြုထား**

ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် ထိုသို့ဘယ်ဘက်ကိုစောင်းပြီး ဒူးနှစ်ဖက်အလိုက်သင့်ကွေးကာ အိပ်စက်သည့်အခါ ခန္ဓာကိုယ်အပေါ်ပိုင်းနှင့် အောက်ပိုင်းတို့သည် အနိမ့်အမြင့်တစ်ပြေးတည်း ညီနေရမည်ဖြစ်ကြောင်း၊ ယင်းသို့ အိပ်စက်မှသာ ကျန်းမာရေးနှင့် ညီညွတ်မည်ဖြစ်ကြောင်း ၎င်းတို့က အကြံပြုပြောကြားသည်။

## ဘဝအမောပြေ

### ဖြစ်ရလေ . . . .

**အသက် ၉၀ခန့်ရှိသော အဘွားအိုတစ်ဦး လန်ဒန်အောင်ဘာလေထီပေါက်သည့်သတင်းကြားပြီးနောက် ဝမ်းသာလွန်းသဖြင့် ရုတ်တရက်လဲကျမေ့မြောသွားရာ မြေးဖြစ်သူ ဖုန်းဖြင့်အကြောင်းကြားသဖြင့် ဆရာဝန်ရောက်ရှိလာလေသည်။**

**ဆရာဝန်** ။ ။ ဘယ်လိုဖြစ်တာလဲ။
**မြေး** ။ ။ ထီပေါက်တယ်သတင်းကြားပြီး လဲကျသွားတာပါ။
**ဆရာဝန်** ။ ။ နှလုံးရောဂါရှိတဲ့ သူတွေဟာ သိပ်သတိထားရတယ်။ ဝိုင်းပြီး ဂရုစိုက်ပေးပါ ဟုဆိုကာ လိုအပ်သည့်ပြုစုကုသမှုပေးလိုက်ရာ အဘွားအို သတိပြန်ရလာသည်။
**အဘွားအို** ။ ။ ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်၊
**ဆရာဝန်** ။ ။ ရပါတယ်…ကိုယ့်မှာနှလုံးရောဂါရှိနေရင် ဝမ်းသာတဲ့သတင်း၊ စိတ်ထိခိုက်မယ့်သတင်းတွေဆိုရင် သတိထားရတယ်၊ မှတ်ထားပါ။
**အဘွားအို** ။ ။ ဟုတ်ကဲ့…ဒါနဲ့ အဘွားအသက်ကိုကယ်ခဲ့တဲ့အတွက် ထီပေါက်တဲ့ဆုငွေတစ်ဝက်တိတိ ဒေါက်တာ့ကိုပေးလိုက်မယ်၊ လက်ခံပါနော်။ **ထိုစကားကြားလိုက်သည်နှင့် ဆရာဝန်မှာပုံခနဲ လဲကျသွားလေသည်။**
**အဘွားအို** ။ ။ လာကြပါဦး၊ လာကြပါဦး၊ ဒီမှာ ဆရာဝန်လဲကျသွားလို့။
**မြေး** ။ ။ **"ဟိုက်"**

## တရုတ်၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမီးလောင်

ဖူကူ ဩဂုတ် ၁၉

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ဖူကူဒေသ၌ ဩဂုတ် ၁၈ရက်က ကျောက်မီးသွေးတွင်း ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ မိုင်းတွင်းလုပ်သား ၂၃ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း ပြည်နယ်ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

**အရေးပေါ်ပို့ဆောင်**

ယင်းမြေအောက်ကျောက်မီးသွေးတွင်း၌ လုပ်သား ၈၀ခန့် တာဝန်ထမ်းဆောင်နေလျက်ရှိရာ လုပ်သား ၁၇ဦး သေဆုံးခဲ့ရကြောင်း၊ ကယ်ဆယ်ရရှိသူ ဒဏ်ရာရအလုပ်သမားများအား ပြည်နယ်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့သည်။

**စတင်တူးဖော်**

၎င်းဖူကူဒေသရှိ ကျောက်မီးသွေးတွင်းသည် ၁၉၇၆ခုနှစ် ကတည်းက ကျောက်မီးသွေး စတင်တူးဖော်လျက်ရှိရာ နှစ်စဉ် တန်ချိန်တစ်သိန်းရရှိကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

**ကားဗုံးပေါက်ကွဲ**

**အီရတ်နိုင်ငံ အန်ဘာပြည်နယ်ရှိ စစ်ဆေးရေးဂိတ်၌ ကားဗုံးပေါက်ကွဲမီးလောင်မှုဖြစ်ပွားသည်ကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

**နည်းပညာသိပ္ပံ**

## စွယ်စုံသုံးနိုင်သည့် အိုင်ဖုန်း

**သတင်းအချက်အလက်ပေးပို့မှုနှင့် ဆက်သွယ်ရေးဆိုင်ရာဝန်ဆောင်မှုများကို လျင်မြန်စွာဆောင်ရွက်ပေးနိုင်သော အိုင်ဖုန်းအမျိုးအစားအသစ်တစ်ခုကို ဆွီဒင်နိုင်ငံ ဆက်သွယ်ရေးလုပ်ငန်းမှ တီထွင်ထုတ်လုပ်လိုက်သည်။**

ပေးပို့နိုင်

ထိုအိုင်ဖုန်းသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဆက်သွယ်ပြောဆိုနိုင်သည့်အပြင် အက်စ်အမ်အက်စ်စနစ်ဖြင့် သတင်းအချက်များကို အချိန်တိုအတွင်းပေးပို့နိုင်သည်။ ထို့အတူ ရုပ်သံအစီအစဉ်များကို ကြည့်ရှုနားထောင်နိုင်သည့်အပြင် ဂိမ်းအမျိုးမျိုးလည်းကစားနိုင်ကြောင်း သိရသည်။ သတင်းအချက်များကို ကီးဘုတ်အသုံးပြု၍ ပေးပို့နိုင်ပြီး ထိုသို့ သတင်းများကိုပေးပို့ရာ၌ ၆၁စက္ကန့်၌ စာလုံးရေ ၁၄၁လုံး ရိုက်ပြီးပေးပို့နိုင်အောင် မြန်ဆန်သည်။ ဖုန်းပြောဆိုရာတွင် တစ်ဖက်လူ၏ ရုပ်ပုံကိုပါမြင်နိုင်သည့် တယ်လီဖုန်းအမျိုးအစားဖြစ်သည်။ ၎င်းဖုန်းသည် သယ်ဆောင်မှုလွယ်ကူပြီး စာရင်းအင်းများတွက်ချက်နိုင်ခြင်းနှင့် ကင်မရာအဖြစ်လည်းအသုံးပြုနိုင်သည့်အပြင် အသံဖမ်းစက်အဖြစ်ပါ အသုံးပြုနိုင်ကြောင်း သိရသည်။ (အင်တာနက်)

## သူတို့အတွေးနှင့်အမြင်

* *Our best thoughts come from others.*
*ကျွန်ုပ်တို့၏ အကောင်းဆုံးအယူအဆများသည် အခြားလူများထံမှ ရရှိသည်။*
***ရယ်ဝယ်လ်ဒိုအီမာဆင် (အမေရိကန်လူမျိုး ကဗျာဆရာ၊ အတွေးအခေါ်ပညာရှင်နှင့် အစမ်းစာများရေးသားသူ)***

* *Constant practice, often excels even talent.*
*ပုံမှန်လေ့ကျင့်ခြင်းသည် တစ်ခါတစ်ရံ၌ ပင်ကိုစွမ်းရည်ထက်ပင် သာလွန်နေတတ်သည်။* ***စစ်စီရို(အီတလီလူမျိုးအတွေးအခေါ်ပညာရှင်)***

**နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ**

**တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း**

# Intranet Portal Solution With Microsoft Share Point Server

# မြန်မာအင်ဖိုတက်ခ်၌ ဟောပြောပွဲကျင်းပမည်

**အိုင်တီသတင်း - မောင်မောင်မြင့်ဆွေ — ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း) — စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်**

ရန်ကုန် ဩဂုတ် ၁၉

နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသည့် နိုင်ငံတကာမှ အိုင်တီနည်းပညာများကို မြန်မာလူငယ်တို့ အဆက်မပြတ်သိရှိနေရန် လိုအပ်သည်။ ထိုသို့သိရှိနေမှသာ မြန်မာ့အိုင်တီကဏ္ဍ အစဉ်ဖွံ့ဖြိုးတိုးတက်နေရန် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**"မိမိသိလိုတဲ့ အချက်အလက်တွေကို အချိန်တိုအတွင်းမှာ ချိတ်ဆက်အသုံးပြုနိုင်တဲ့စနစ်မို့ လူငယ်တွေအတွက်ရော အခြားအဖွဲ့အစည်းတွေအတွက်ပါ အကျိုးပြုစေနိုင်မှာပါ"**
ဦးထွန်းဆိုင်
အလုပ်အမှုဆောင်

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာ တိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးပြီး Gusto Co., Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် Intranet Portal Solution With Microsoft Share Point Server နှင့် ပတ်သက်သော ဟောပြောပွဲတစ်ရပ်ကို ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ ကွန်ဖရင့်ခန်းမ၌ ဩဂုတ် ၂၄ရက် မွန်းလွဲ ၂နာရီမှ ၄နာရီအထိ ကျင်းပမည်ဖြစ်သည်။

ထို့ကြောင့် မည်သည့်အချက်အလက်များ ဟောပြောဆွေးနွေးမည်ဆိုသည်ကို လူငယ်များသိရှိနိုင်ရန် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"အမြဲထွက်ပေါ်နေတဲ့ အိုင်တီနည်းပညာတွေကို လူငယ်တွေ အဆက်မပြတ်သိရှိစေချင်တာရယ်၊ ကွန်ပျူတာဆိုတာ အရင်တုန်းက စီးပွားရေးလုပ်ငန်းအတွက် အချက်အလက်တွေ သိမ်းဆည်းသိုမှီးရာ အဖြစ်ကနေပြီး အခုအချိန်မှာတော့ စီးပွားရေးလုပ်ငန်းကြီးတစ်ခုလုံး အောင်မြင်နိုင်အောင် လက်နက်တစ်ခုအဖြစ် အသုံးပြုလို့ရတယ်ဆိုတာ လူငယ်တွေနဲ့ သုံးစွဲသူတွေ ပိုမိုနားလည် သိရှိစေချင်လို့ပါ" ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးခွန်ဦးက ရှင်းပြသည်။

## ပေါင်းကူးပေးနေ

အရှိန်အဟုန်နှင့် ပြောင်းလဲတိုးတက်နေသော အိုင်တီနည်းပညာများကို သိရှိနားလည် အသုံးချနိုင်ရေးမှာလည်း အထူးလိုအပ်လှသည်ဖြစ်ရာ ယင်းအချက်ကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ဖြည့်ဆည်း ပေါင်းကူးပေးနေခြင်းဖြစ်သည်။

ဟောပြောပွဲတွင် ပါဝင်ဆွေးနွေးမည့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းမှ အလုပ်အမှုဆောင် ဦးဝင်းထိန်ဝင်းက

**"လူငယ်တွေအတွက်ရော ရုံးအဖွဲ့အစည်းတွေအတွက် အကျိုးရှိစေမယ့် နည်းစနစ်ပါ"**
ဦးဇော်မိုး
အလုပ်အမှုဆောင်

"ဒီဟောပြောပွဲမှာ အထူးဧည့်သည်အနေနဲ့ CDG Microsystem မှ Microsoft Associate Consultant တစ်ဦးဖြစ်တဲ့ ဦးတေဇကလည်း Share Point Server ကို နိုင်ငံတကာမှာ ဘယ်လိုအကျိုးရှိရှိ အောင်မြင်စွာအသုံးချနေပုံ၊ Share Point Server နဲ့ ပတ်သက်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေအပြင် အနာဂတ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ Share Point နဲ့ ပတ်သက်တဲ့ လမ်းကြောင်းတွေအကြောင်းကို ဆွေးနွေးသွားမှာဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့နောက် ဦးဝင်းထိန်ဝင်း က "ကျွန်တော့်အနေနဲ့ကတော့ Share Point ဆိုတာ ဘာလဲ၊ ဒါကို ဘာအတွက်ကြောင့် သုံးသင့်တာလဲ၊ ဘယ်လိုနေရာမျိုးတွေမှာ အသုံးပြုသင့်တယ်ဆိုတာတွေ ဆွေးနွေးဟောပြောသွားမှာပါ။ ဒီ Share Point ကို အိုင်တီလေ့လာလိုက်စားနေတဲ့ လူငယ်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အကုန်တက်ရောက်လို့ရတဲ့အပြင် သိလိုတာတွေကို အားမနာတမ်း မေးမြန်းလို့ရပါတယ်။ လူငယ်တွေအနေနဲ့ ဒါကို နှံ့နှံ့စပ်စပ်သိထားရင် အလုပ် လုပ်ကိုင်ရာမှာ အဆင်ပြေချောမွေ့နေမှာဖြစ်ပါတယ်။ Share Point Server ဟာ နိုင်ငံတကာမှာ တွင်တွင်ကျယ်ကျယ်အသုံးပြုနေတဲ့ အိုင်တီနည်းပညာတစ်ခုပါပဲ" ဟု ရှင်းပြသည်။

## လုပ်ငန်းအချိတ်အဆက်

Microsoft Share Point နည်းပညာမှာ လူအများ စုပေါင်းစပ်လုပ်ကိုင်သည့် လုပ်ငန်းများဖြစ်သည့် အစိုးရရုံးနှင့် စီးပွားရေးလုပ်ငန်းများ၌ သိသိသာသာ အကျိုးပြုစေကြောင်း သိရသည်။ အဖွဲ့အစည်းတစ်ခုလုံးကို အချက်အလက်များ ဖလှယ်မှုစနစ်၊ အချိန်တိုအတွင်းမှာ လုပ်ငန်း အချိတ်အဆက်မိမိ အသုံးပြုနိုင်သည့် အိုင်တီနည်းစနစ်တစ်ခုဖြစ်ကြောင်း သိရသည်။

"အရင်က ကျွန်တော်တို့လုပ်ငန်းတွေ ချိတ်ဆက်လုပ်ကိုင်တဲ့အခါ အီးမေးလ်၊ ဖိုင်စနစ်နဲ့ Datebase တွေနဲ့ အသုံးပြုခဲ့ကြတယ်။ ဒါပေမယ့် ကွဲပြားခြားနားနေတဲ့

**"နိုင်ငံတကာမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေတဲ့ အိုင်တီနည်းပညာတစ်ခုပါ"**
ဦးဝင်းထိန်ဝင်း
အလုပ်အမှုဆောင်

နေရာအနှံ့အပြားမှာနေထိုင်ပြီး အလုပ်တစ်ခုကို ပူးပေါင်းဆောင်ရွက်လုပ်ကိုင်တဲ့အခါ အဲဒီသမားရိုးကျနည်းနဲ့ အဆင်မပြေတော့ဘူး။ မိမိလိုချင်၊ သိချင်တဲ့ အချက်အလက်တွေကို အချိန်တိုတွင်းမှာ အလွယ်တကူရှာဖို့ အခက်အခဲရှိလာတယ်။ ဒီနည်းပညာက အဲဒါတွေကို ဖြေရှင်းပေးနိုင်ပါတယ်"ဟု မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်တစ်ဦး

**"အိုင်တီ နည်းပညာတွေကို လူငယ်တွေ အဆက်မပြတ် သိစေချင်တယ်"**
ဦးခွန်ဦး
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ
ကွန်ပျူတာပညာရှင်အသင်း

ဖြစ်သူ ဦးထွန်းဆိုင်ကလည်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့အပြင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်တစ်ဦးဖြစ်သူ ဦးဇော်မိုးကလည်း "ဒီနည်းပညာဟာ လူငယ်တွေရော၊ စီးပွားရေးလုပ်ငန်းရှင်တွေရော အစိုးရ ရုံးတွေပါ အသုံးပြုနိုင်ရင် လုပ်ငန်း သွက်လက်မြန်ဆန်သွားမှာမို့ လိုအပ်ပါတယ်။ ဥပမာ စာကြည့်တိုက်တွေမှာ ဖိုင်ရှာဖို့၊ စာအုပ်၊ စာတမ်းတွေရှာဖို့အတွက်ကအစ ချက်ချင်းသိရှိနိုင်တဲ့ နည်းစနစ်ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

## မှန်ကန်စွာ

ယနေ့ နိုင်ငံအသီးသီးရှိ လုပ်ငန်းအဖွဲ့အစည်း အများအပြားတွင် စုဆောင်းထားသည့် သတင်းအချက်အလက်များ အလျှံပယ် များပြားနေတတ်ရာ ယင်းတို့အထဲမှ မိမိသိလိုသည့် အချက်အလက်များကို အလွယ်တကူ မှန်ကန်စွာရရှိနိုင်ရန်လိုအပ်လျက်ရှိရာ ယခု Microsoft Share Point နည်းပညာကို အသုံးပြုပြီး ဖြေရှင်းနိုင်ကြောင်း သိရသည်။

## အခွင့်အလမ်းကောင်း

ထို့ကြောင့် သတင်းအချက်အလက်များကို အလွယ်တကူ လုံခြုံစိတ်ချစွာနဲ့ ဖလှယ်နိုင်ရန် ဆောင်ရွက်ပေးနိုင်သည့် နည်းပညာကိုတတ်မြောက်သော ကျွမ်းကျင်ပညာရှင်များ လိုအပ်လျက်ရှိရာ ယခု ဟောပြောပွဲသည် အိုင်တီနည်းပညာ လိုက်စားသည့် မြန်မာလူငယ်များအတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါကြောင်း အိုင်တီသတင်းကောင်း ဖြန့်ဝေပေးလိုက်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

---

## မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

### ပိုလန်တောင်ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ် ခုနစ်ဦးသေဆုံး၊ နေအိမ်များပျက်စီး

ဝါဆော ဩဂုတ် ၁၉

ပိုလန်နိုင်ငံတောင်ပိုင်းတွင် ဩဂုတ် ၁၉ရက် နံနက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးပြီး(အပေါ်ပုံ) ခုနစ်ဦးသေဆုံးခဲ့ကြောင်း ပိုလန်နိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများကပြောကြားသည်။

#### မိုးသည်းထန်စွာရွာသွန်း

နေအိမ်ပျက်စီးခဲ့သည့်မြို့မှာ ကက်စတိုချိုဝါမြို့၌ဖြစ်ပြီး လေဆင်နှာမောင်းတိုက်ခတ်မှုနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ မော်တော်ယာဉ်အချို့မှာ လေဆင်နှာမောင်းဒဏ်ကြောင့် ပျက်စီးခဲ့ကြောင်း ၎င်းတို့ကပြောကြားသည်။

### အီတလီရှိ အဲလ်ပ်တောင်တန်း၌ နှင်းမုန်တိုင်းတိုက်ခတ် တောင်တက်သမားနှစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေ

ရောမ ဩဂုတ် ၁၉

အီတလီနိုင်ငံ အောက်စတာဒေသရှိ တောင်တစ်တောင်ပေါ်သို့ တက်ရောက်နေသော တောင်တက်အဖွဲ့တစ်ဖွဲ့သည် ဩဂုတ် ၁၉ရက် နံနက်က နှင်းမုန်တိုင်းများ တိုက်ခတ်မှု **(အပေါ်ပုံ)** ခံရသဖြင့် တောင်တက်သမားနှစ်ဦး သေဆုံးပြီး သုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း အီတလီရဲတပ်ဖွဲ့က ပြောကြားသည်။

#### ပျောက်ဆုံး

အဆိုပါတောင်မှာ အဲလ်ပ်တောင်တန်းပေါ်ရှိ အမြင့်ပေ ၁၃၀၀၀ ကျော်ရှိသည့် မွန့်တီရိုဆာတောင်ဖြစ်ပြီး နှင်းမုန်တိုင်းများတိုက်ခတ်ခဲ့ရာမှ ယခုကဲ့သို့ တောင်တက်သမားများ သေဆုံးမှုနှင့် ပျောက်ဆုံးမှုများ ဖြစ်ခဲ့ရသည်ဟု ၎င်းတို့က ပြောကြားသည်။

---

**မြန်မာ့အလင်း**

**အင်တာနက်**

**ဖောင်ပိတ်**

**သတင်း**

### ပါကစ္စတန်သမ္မတသစ် ရွေးချယ်ရေးကိစ္စ အာဏာရအစိုးရ ခေါင်းဆောင်များဆွေးနွေး

အစ္စလမ္မာဘတ် ဩဂုတ် ၁၉

ပါကစ္စတန်အာဏာရ ညွန့်ပေါင်းအစိုးရ ခေါင်းဆောင်များက ရာထူးမှ နုတ်ထွက်သွားသော သမ္မတမူရှာရက်ဖ်၏ နေရာကို မည်သူဆက်ခံရမည်ဆိုသည့်ကိစ္စ ဆွေးနွေးရန် တွေ့ဆုံကြမည်ဖြစ်သည်။

#### အစားထိုး

သမ္မတမူရှာရက်ဖ်၏ ရာထူးနေရာတွင် မူရှာရက်ဖ်၏ နိုင်ငံရေးမဟာမိတ်တစ်ဦးဖြစ်သူ အထက်လွှတ်တော်ဥက္ကဋ္ဌ မိုဟာမက် ဆမ်ရူအား ကြားဖြတ်သမ္မတအဖြစ် အစားထိုးလိုက်သည်။

ပါလီမန်က ရွေးကောက်ပွဲ ထပ်မံခေါ်သည့်တိုင်အောင် မစ္စတာဆမ်ရူက နိုင်ငံကို ဦးဆောင်ရမည်ဖြစ်သည်။

### အာဖဂန်ရှိအမေရိကန်စစ်အခြေစိုက်စခန်း တာလီဘန်တို့အပြင်းအထန်ဝင်ရောက်တိုက်ခိုက်

ကဘူးလ် ဩဂုတ် ၁၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဩဂုတ် ၁၉ရက် နံနက်က အမေရိကန်စစ်စခန်းတစ်ခုကို တာလီဘန်တိုက်ခိုက်ရေးသမားများက အပြင်းအထန် တိုက်ခိုက်ခဲ့ကြောင်း၊ (ဝဲပုံ)ထိုသို့ တိုက်ခိုက်မှုကြောင့် ၁၃ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန် အရာရှိများက ပြောကြားသည်။

#### ဆက်လက်တိုက်ခိုက်

တာလီဘန် တိုက်ခိုက်ရေးသမားများက ယခုအချိန်အထိ ဆက်လက်တိုက်ခိုက်နေဆဲဖြစ်ကြောင်း၊ သေဆုံးသူများတွင် အသေခံဗုံးခွဲ၍ တိုက်ခိုက်ရေးသမားများလည်း ပါဝင်ကြောင်း ၎င်းတို့က ထပ်လောင်းပြောကြားသည်။

#### ၁၀ဦးသေဆုံး

ယမန်နေ့ကလည်း အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် ၁၀ဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိသွားသည်။

# အနောက်ပိုင်းခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေး

## ပြိုင်ပွဲဝင် ၁၄၆ဦး ပါဝင်ယှဉ်ပြိုင်

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ဂုနာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးဒေါ်ကြင်မြိုင်တို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင်က ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

### ကပြဖျော်ဖြေ

ထို့နောက် ရွှေတံဆိပ်ဆုရှင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက ပခန်းကိုကြီးကျော် ယိမ်းအက၊ ပဉ္စသိခ်သီချင်းများဖြင့် လည်းကောင်း၊ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက မင်္ဂလာရှိသော မင်္ဂလာနေ့၊ ပန်းရည်ဘဏ်တိုက်သီချင်းများဖြင့်လည်းကောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက အောင်စေပိုင်စေသီချင်းဖြင့်လည်းကောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက နွေမိန်တပေါင်းသီချင်းဖြင့်လည်းကောင်း၊ ပေါက်ကျော်မ အမျိုးသမီးဆိုင်းအဖွဲ့ဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြသည်။

### ဂုဏ်ပြုဆုငွေပေးအပ်

ယင်းနောက် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်ကျောင်းသားကျောင်းသူလေးများအား တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးဒေါ်ကြင်မြိုင်တို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်တို့ ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲတွင် ဖျော်ဖြေသည့် အနုပညာရှင် ကျောင်းသားကျောင်းသူလေးများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

### ပါဝင်ယှဉ်ပြိုင်

ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်(ပထမတန်း) ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်၃၉ဦး၊ ဝါသနာရှင် (ဒုတိယတန်း) ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်၁၀၇ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မိုးရာသီကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဩဂုတ် ၁၇ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

*မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု **Han Sein Thant Engineering & Trading** ၏ ပံ့ပိုးကူညီမှုဖြင့် ဩဂုတ်၂၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ အနုပညာရှင်ဦးကျော်ဟိန်းက* အမှိုက်ထဲကရွှေ *ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။*

(မြန်မာ့အလင်း)

## (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

### ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း၃လမ်းမှတ်တိုင်အနီး)တွင် မိခင်ကြီး ဒေါ်အေးကြည်အား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်နေ ဒေါ်စန်းစန်းကြည်မိသားစုက အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

## လေဘေးသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာနသို့ လာရောက် လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

### လှူဒါန်း

ဩဂုတ် ၁၄ ရက်တွင် မြစ်သားချည်မျှင်စက်ရုံစီမံကိန်း ဝန်ထမ်းများက ငွေကျပ်တစ်သိန်း၊ ဩဂုတ် ၁၅ ရက်တွင် Mr. Loh Chau Hzan, Malaysia က ငွေကျပ်၁၁၉၀၀၀၊ Mrs.ONG Lomon, son Mr.TAN Tek Lin Paris, France တို့က လူနေအိမ်နှစ်လုံးအတွက် ငွေကျပ် ၁၂သိန်း၊ ဩဂုတ် ၁၆ရက်တွင် ဖခင်ဦးလူကလေးနှင့် မိခင်ဒေါ်ခင်သီတို့အား ရည်စူး၍ သား သမီးများ၊ မြေး ခိုင်ခိုင်၊ မောင်မောင်၊ ကျော်ဖြိုး ဗိုလ်တထောင်မြို့နယ်က လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဖခင်ဦးအောင်သိန်း၊ မိခင်ဒေါ်စုစုတို့အားရည်စူး၍ သားသမီး၊ မြေးများ ဗိုလ်တထောင်မြို့နယ်က လူနေအိမ်တစ်လုံးအတွက် ငွေကျပ်ခြောက်သိန်း၊ ဩဂုတ် ၁၇ရက်တွင် (ဦးသိန်း)နှင့် ဒေါ်အေးမြင့် (၈၃)နှစ်ပြည့် မွေးနေ့အလှူ လမ်းမတော်မြို့နယ်က လူနေအိမ်တစ်လုံးနှင့် ဓာတ်မြေဩဇာတစ်အိတ်အတွက် ငွေကျပ်၆၁၈၀၀၀၊ ဩဂုတ် ၁၈ရက်တွင် လှူဒါန်းသော အလှူရှင်များမှာ Embassy of the Union of Myanmar, Singapore က စင်ကာပူဒေါ်လာ ၂၁၀၂၉ ဒသမ ၃၅တို့ဖြစ်သည်။

### လက်ခံရရှိ

ဩဂုတ် ၁၄ရက်မှ ၁၈ရက်အထိ လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၃၂၃၇၀၀၀နှင့် စင်ကာပူဒေါ်လာ ၂၁၀၂၉ ဒသမ ၃၅တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် အမှတ် (၅) အခြေခံပညာ မူလတန်း ကျောင်း ၌ သောက်ရေသန့်စက်များနှင့် စတီးလ်ရေသန့် ရေချမ်းစင်များ တပ်ဆင်ရန်အတွက် ဒေါ် အေး အေး ခင် Light House Marine Co., Ltd. နှင့် B.M.F (THAILAND)တို့မှ အလှူငွေကျပ် ၁၂ သိန်းကို ဩဂုတ် ၁၇ ရက်က ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်ဇော်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၁၈)

20-8 (07).pmd 1 8/21/2008, 3:44 AM

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်း ပုသိမ်မြို့ မြဧရာအစည်းအဝေးခန်းမ၌ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား ဒေသဖွံ့ဖြိုးရေး ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ရှေးဦးစွာ ဧရာဝတီတိုင်း၏လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများဆိုင်ရာကို ပြောကြားလိုကြောင်း၊ ရန်ကုန်-ပုသိမ်ကားလမ်းသည် ခရီးကြာချိန် နှစ်နာရီခွဲ၊ သုံးနာရီခန့်သာရှိရာမှ ယခုအခါ မိုးများခြင်းနှင့် နာဂစ်မုန်တိုင်းကြောင့် ယာဉ်များအသုံးပြုမှုများခြင်းတို့ကြောင့် လမ်းများပျက်စီးမှုများရှိကြောင်း။

### ဝင်ရောက်လုပ်ကိုင်

အဆိုပါလမ်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ လုပ်ကိုင်ခွင့်ပေးထားပြီးဖြစ်သော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် ပျက်စီးမှုကို ချက်ချင်းမပြင်ဆင်ခဲ့၍ လမ်းအပျက်အစီးများခြင်းဖြစ်ကြောင်း၊ ၎င်းလမ်းအား အခက်အခဲမရှိ သွားလာနိုင်အောင် နိုင်ငံတော်မှ ဝင်ရောက်လုပ်ကိုင် ပေးရမည်ဖြစ်ကြောင်း၊ ပွင့်လင်းရာသီရောက်မှ ပြင်ဆင်ခြင်းမျိုးမလုပ်ဘဲ ယာဉ်များ လောလောဆယ်အဆင်ပြေသွားလာနိုင်ရန် အမြန်ဆုံးပြင်ဆင်သွားရန်ဖြစ်ကြောင်း။

လမ်းပြုပြင်ရာတွင် ထိထိရောက်ရောက်ဖြစ်စေရန် တာဝန်ကို သတ်သတ်မှတ်မှတ်ပေးရန်ဖြစ်ကြောင်း၊ ပြုပြင်ပြီးလမ်းများ အမြဲကောင်းနေစေရေးအတွက်နောင်တွင် တစ်နေရာပျက်လျှင် တစ်နေရာပြင်၊ တစ်ပေါက်ပေါက်လျှင်တစ်ပေါက်ဖာစနစ်ကိုကျင့်သုံး၍ ချက်ချင်းပြုပြင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

ဒုတိယပိုင်းအဖြစ် နာဂစ်မုန်တိုင်းသင့်ခဲ့သည့် ဧရာဝတီတိုင်းအတွင်းရှိခုနစ်မြို့နယ်ကို နိုင်ငံတော်က ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုပြီး အပိုင်းသုံးပိုင်းဖြင့်ဆောင်ရွက်ပေးနေမှုကို ပြောကြားလိုကြောင်း။

### တက်ညီလက်ညီ

ကယ်ဆယ်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီပူးပေါင်း၍ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုအခါ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ အိုးအိမ်မဲ့လေဘေးသင့်ပြည်သူများ၏နေရေး၊ ၎င်းတို့၏ သက်ဆိုင်ရာစီးပွားရေး လုပ်ကိုင်နိုင်ရေးကို မူလကထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့သဖြင့် ယခုဆိုလျှင် ၎င်းတို့၏ လူနေမှုဘဝ အထိုက်အလျောက် အဆင်ပြေမှုများရှိနေပြီဖြစ်ကြောင်း။

### ဆက်သွယ်သွားလာ

ဖွံ့ဖြိုးရေးလုပ်ငန်းကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပင်လယ်ပိုင်းဒေသများအထိ ဆက်သွယ်သွားလာနိုင်သည့် လမ်းကြီးသုံးသွယ်ကိုလည်း ဆောင်ရွက်လျက်ရှိပြီး ပင်လယ်ပိုင်းဒေသရှိ မြို့များတွင် သဘာဝဘေးဒဏ်ရေရှည်ခံနိုင်မည့် အဆောက်အအုံများ ဆောက်လုပ်ရန်ကိုလည်း စီမံထားရှိပြီးဖြစ်ကြောင်း။

ယခုကဲ့သို့ရရှိထားသည့် အခြေခံကောင်းများအပေါ် အခြေခံ၍ တိုင်းအဆင့်တာဝန်ရှိသူများက မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

တတိယပိုင်းအဖြစ် လယ်ယာကဏ္ဍလုပ်ငန်းကို ပြောကြားရမည်ဆိုလျှင် ဧရာဝတီတိုင်းသည် မိမိတို့နိုင်ငံ၏ စပါးကျီ၊ ထမင်းအိုးဟု တင်စားခေါ်ဝေါ်နေလျက်ရှိရာ စပါးအထွက် ရည်မှန်းချက်ထက် သာလွန်အောင် ကြိုးစားရမည်ဖြစ်ကြောင်း။

### ပူးပေါင်းဆောင်ရွက်

ထို့ကြောင့် မိရိုးဖလာ စပါးမျိုးများနေရာတွင် စိုက်စနစ်မှန်ကန်စွာ စိုက်ပျိုးခြင်း၊ အရည်အသွေးကောင်းသော အထွက်တိုးစပါးမျိုးကို ပြောင်းလဲစိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာနှင့် သဘာဝ မြေသြဇာများ ရောနှောအသုံးပြုခြင်းတို့ဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများ၊ တိုင်းရင်းသား လုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ဧရာဝတီတိုင်းအတွင်းရှိ လမ်းပိုင်းများ၏အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးတွင် အထွက်တိုးပြီး အရည်အသွေးကောင်းမျိုးများ ပြောင်းလဲသုံးစွဲရေး စီမံထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ဧက မှန်ကန်ရေး၊ မြေကြီးမြေပုံမှန်ကန်ရေးနှင့် အထွက်နှုန်းမှန်ကန်ရေးတို့အတွက် စာရင်းဇယားများကောက်ယူ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရန်ကုန်-ပုသိမ်လမ်းပိုင်းအား ကြည့်ရှုစစ်ဆေးတွေ့ရှိမှု အခြေအနေနှင့် လမ်းပြုပြင်ရန် ကျောက်များစုဆောင်းထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

### ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး လေဘေးသင့်ကျေးရွာများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

---

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်**

**သန်းသန်းနု ကိုးကားတင်ပြသည်**

## မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်၌ မိုးသက်လေပြင်းများ ကျရောက်နိုင်

**ရန်ကုန် သြဂုတ် ၁၉**

သြဂုတ် ၁၈ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် အမေရိကန်နိုင်ငံ အနောက်မြောက်ပိုင်း အရီဇိုးနားပြည်နယ်ရှိ ဆူပီကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကာတာတစ်ခုပြိုကျ၍ ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း၌ မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရသည်။

သြဂုတ် ၁၉ ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်လျှင် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတွင် ဒေသအလိုက်၊ ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်တို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်မိုးရွာခဲ့သည်။

သြဂုတ် ၁၉ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | |
|---|---|
| **နေပြည်တော်** | ၂ ဒသမ ၃၇ လက်မ |
| **ခန္တီး** | ၄ ဒသမ ၉၂ လက်မ |
| **စစ်တွေ** | ၃ ဒသမ ၆၂ လက်မ |
| **ရန်ကုန်(မင်္ဂလာဒုံ)** | ၃ ဒသမ ၁၁ လက်မ |
| **ဘားအံ** | ၃ ဒသမ ၀၃ လက်မ |
| **တောင်ကုတ်** | ၂ ဒသမ ၉၅ လက်မ |
| **သထုံ** | ၂ ဒသမ ၂၈ လက်မ |

သြဂုတ် ၂၀ရက်**(ယနေ့)** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာနိုင်သည်။ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သြဂုတ် ၂၀ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ မိုးအသင့်အတင့် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

### မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းလျက်ရှိသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

---

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာနိုင်ငံဒေသအချို့၌ မြစ်ရေ၊ ချောင်းရေများမြင့်တက်မှုရှိခဲ့ ပျက်စီးသွားသောလယ်မြေအနည်းငယ်အား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးစီမံထားရှိ

## ရေကျသွားသောနေရာအချို့၌ စပါးများပြန်လည်စိုက်ပျိုးနေ

နေပြည်တော် သြဂုတ် ၁၉

**မန္တလေးတိုင်း မိုးကုတ်မြို့နယ် တောင်ပေါ်ဘော်ဗဒန်းကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သြဂုတ် ၁၆ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မြေပြိုပြီး ဦးညွန့်ရှိန်၏ နှစ်ထပ်အိမ်ပေါ်သို့ မြေများပိကျခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် အိမ်ရှင်ဦးညွန့်ရှိန်အပါအဝင် မိသားစုငါးဦး၊ ဧည့်သည်တစ်ဦးတို့ သေဆုံးသွားခဲ့ကြောင်း သိရသည်။**

### ရေဝင်ရောက်

ကရင်ပြည်နယ် ဘားအံမြို့၌ သံလွင်မြစ်ရေသည် သြဂုတ် ၁၂ ရက် နံနက် ၆ နာရီတွင် မြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာတစ်ရွာတို့တွင် ရေများဝင်ရောက်မှုရှိခဲ့ကြောင်း၊ဘားအံ-ဇာသပြင်ကားလမ်း နေရာအချို့နှင့် ဘားအံ-မြိုင်ကလေးကားလမ်း နေရာအချို့၌ ရေနစ်မြုပ်မှုများရှိခဲ့ကြောင်း၊ လှိုင်းဘွဲ့မြို့နယ်၌ သံလွင်မြစ်ရေ မြင့်တက်မှုကြောင့် ကျေးရွာသုံးရွာသို့ ရေများဝင်ရောက်မှုရှိခဲ့ကြောင်း၊ ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့၌ ဟောင်သရောမြစ်ရေမြင့်တက်မှုကြောင့် ကျုံဒိုးမြို့ အမှတ်(၃)ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများရှိခဲ့ကြောင်း၊ ကြာအင်းဆိပ်ကြီးမြို့တွင် ဇမိမြစ်ရေမြင့်တက်မှုကြောင့် အမှတ်(၆)ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများ ရှိခဲ့ကြောင်း သိရသည်။

### ဖြတ်သန်းသွားလာနိုင်

ပဲခူးမြို့၌ ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက် ကိုးခုနှင့် ကျေးရွာတစ်ရွာတို့သို့ ရေများဝင်ရောက်ခဲ့ပြီး ပဲခူးမြို့အတွင်း ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၄၉/၁-၂)ကြား၌ အရှည် ၁၅ ပေခန့်တွင် တစ်ပေခန့် ရေမြင့်တက်မှုရှိခဲ့သော်လည်း ယာဉ်များပုံမှန်သွားလာလျက်ရှိကြောင်း၊ ပဲခူးမြို့ရှိ ရန်ကုန်-မန္တလေးရထားလမ်း(အစုန်)လမ်း မိုင်တိုင် ၄၆/၁၇-၂၄နှင့် အစုန်အဆန်လမ်း မိုင်တိုင် ၄၉/၈-၉ ကြားနေရာအချို့၌ ဇလီဖားတုံးများ ရေနစ်မြုပ်လျက်ရှိသော်လည်း ရထားများ အရှိန်လျှော့ဖြတ်သန်းသွားလာနိုင်ကြောင်း သိရသည်။

### လှည်းကူးမြို့နယ်

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်၌ သြဂုတ် ၁၃ ရက် ညနေပိုင်းမှစ၍ သြဂုတ် ၁၄ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ချောင်းရေမြင့်တက်လာပြီး မြို့ပေါ်ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာလေးရွာရှိ အနိမ့်ပိုင်းနေရာများသို့ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်း ရေကြည်မြို့နယ်အတွင်း သြဂုတ် ၁၃ ရက်မှစ၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေမြင့်တက်ပြီး အမှတ်(၁) ရပ်ကွက်အတွင်း ရေများဝင်ရောက်ခဲ့ကြောင်း၊ ကျောင်းကုန်း-အိမ်မဲကားလမ်း နေရာအချို့နှင့် ဂုံမင်း-ဒါးကဘူတာအကြားနေရာအချို့ရှိ ရထားလမ်းပေါ်၌ ရေမြင့်တက်မှုများရှိခဲ့ကြောင်းသိရသည်။

### ပြန်လည်စိုက်ပျိုး

ထို့ကြောင့်အိမ်ထောင်စုအချို့အား ရွှေ့ပြောင်း နေရာချထားပေးရခြင်း၊ စာသင်ကျောင်းအချို့ခေတ္တပိတ်ထားပေးရခြင်းများရှိခဲ့ကြောင်း၊ရေကြီးမှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိခဲ့သော်လည်း လူနှင့်ကျွဲနွားတိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း၊လယ်မြေပျက်စီးမှုအနည်းငယ်ရှိခဲ့သော်လည်း အစားထိုးဖာထေးနိုင်ရေးအတွက် ပျိုးပင်များကိုလည်းကောင်း၊ အသစ်စိုက်ပျိုးနိုင်ရေးအတွက် မျိုးနှင့် မျိုးစပါးများကိုလည်းကောင်း အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က အဆင့်ဆင့်စီမံဆောင်ရွက်ထားပြီး ယခုအခါ ရေပြန်ကျသွားပြီဖြစ်၍ လယ်မြေများတွင် စပါးများ ပြန်လည်စိုက်ပျိုးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

● ရှေ့ဖုံးမှ

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်လပွတ္တာမြို့နယ်လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသောသမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်လိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာသို့ နံနက် ၁၀နာရီ မိနစ် ၂၀တွင် ရောက်ရှိကြပြီး ငပုတောမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကျောက်ကလပ်ကျေးရွာမှ တစ်ဆင့် လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့ အုတ်တွင်းကျေးရွာအုပ်စု ခုံကြီးကျေးရွာသစ်သို့ ရောက်ရှိကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်သည် ခုံကြီးကျေးရွာသစ်ရှိ ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာနေ ပြည်သူများအား တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေမှု၊ နေထိုင်စားသောက်မှုတို့နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းသည်။

## ဝီရိယစိုက်ထုတ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်း စီမံပေးမှု၊ စေတနာရှင်၊ အလှူရှင်များ၏ ပါဝင်လှူဒါန်းမှုတို့ဖြင့် လေဘေးကြောင့် အိုးအိမ်မဲ့ ဖြစ်သွားသော ပြည်သူများအား မူလအဆင့်ထက် သာလွန်ကောင်းမွန်သော နေအိမ်များဖြင့် နေထိုင်နိုင်ရန်စီစဉ်ပေးလျက်ရှိကြောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများအတွက် လိုအပ်သော ပံ့ပိုးပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ရာ အလုပ်ကို ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရရှိလာသောဝင်ငွေကို ခြိုးခြံချွေတာ စုဆောင်းခြင်းအားဖြင့် မိမိတို့၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ဆရာဆရာမများအနေဖြင့်မိမိတို့၏တပည့်ကျောင်းသားကျောင်းသူများအား လိမ္မာရေးခြားရှိ၍ အကျင့်စာရိတ္တ ကောင်းမွန်သည့် ပညာတတ်များ ဖြစ်စေရေးအတွက် ဆုံးမပဲ့ပြင် သင်ကြားပေးရန်လိုကြောင်း၊ ကျန်းမာရေးအတွက် ကျေးလက်ကျန်းမာရေးဆေးပေးခန်း အပါအဝင် ကျေးရွာ စာကြည့်တိုက်တို့ကို တည်ဆောက် ဖွင့်လှစ်ပေးမည် ဖြစ်ရာ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်သည့် အလေ့အကျင့်ကောင်းများရှိရန် ကျေးရွာတာဝန်ရှိသူများက စည်းရုံးဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခုံကြီးကျေးရွာသစ်အတွက် လူနေအိမ်များ တာဝန်ယူ ဆောက်လုပ်ပေးနေသည့် ရွှေသံလွင်၊ အရုဏ်ဦး ကုမ္ပဏီအုပ်စုမှ တာဝန်ရှိသူတို့အား နေအိမ်များ တည်ဆောက်ပြီးစီးမှုအခြေအနေကို မေးမြန်းပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခုံကြီးကျေးရွာသစ်အတွက် ရွှေသံလွင်၊ အရုဏ်ဦး ကုမ္ပဏီအုပ်စုကတာဝန်ယူဆောက်လုပ်ပေးသည့် လူနေအိမ်ရာများပြီးစီးမှုအခြေအနေ၊ ဆောက်လုပ်ပြီး နေအိမ်များတွင် အိုးအိမ်မဲ့ ပြည်သူများအား စနစ်တကျ နေရာချထားပေးမှု အခြေအနေ၊ နေအိမ်ဝင်းများအတွင်း သီးနှံပင်များ စိုက်ပျိုးထားရှိမှုနှင့်နေအိမ်များ ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတို့က လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ ကျေးရွာနေအိမ်အတွင်း ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး မိသားစုများ၏ နေထိုင်စားသောက်မှု၊ နှစ်ရှည်စားသုံးပင်နှင့် အရိပ်ရ လေကာပင်များ ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

## လပွတ္တာမြို့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် လပွတ္တာခရိုင် လပွတ္တာမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၈)ရပ်ကွက်ရှိ တိုင်းဝင်းဆန်စက်၌ကျင်းပသည့်မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ရေလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက်ဒုတိယအကြိမ် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

## လွှဲပြောင်းပေးအပ်

ရှေးဦးစွာမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လပွတ္တာမြို့နယ်လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်ထံ ငါးဖမ်းစက်လှေများနှင့် ငါးဖမ်းကိရိယာများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ရေလုပ်သားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လက်ရှိဘဝထက် သာလွန်ကောင်းမွန်အောင် အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်ရန်နှင့် ကျွမ်းကျင်ရာလုပ်ငန်းများအလိုက် လုပ်ကိုင်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ရာ အလုပ်ကို ကြိုးစားလုပ်ကိုင်လိုသည့်စိတ် မွေးမြူပြီး ယခင်ကထက် အလုပ်ကိုကြိုးစားလုပ်ကိုင်ရန်၊ ပင်ပင်ပန်းပန်းကြိုးပမ်းရှာဖွေ၍ ရရှိလာသော ဝင်ငွေများကို အကျိုးမဲ့ သုံးဖြုန်းခြင်း မပြုဘဲ ချွေတာစုဆောင်းရန်၊မိမိတို့၏ သားသမီးများအား အမှား၊ အမှန်ခွဲခြားနိုင်ပြီးလိမ္မာယဉ်ကျေးသူများဖြစ်အောင်၊ ပညာတတ်အောင် ကျောင်းနေအရွယ်ကလေးများကျောင်းနေနိုင်ရေး ဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် အင်ဂျင်စက်များ၊ ဦးချွန်းပဲ့ချွန်း လှေများနှင့် ငါးဖမ်းကိရိယာမျိုးစုံတို့ကို ကြည့်ရှုစစ်ဆေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်ရေလုပ်သားများ၏ ငါးဖမ်းစက်လှေများ စမ်းသပ်သရုပ်ပြမောင်းနှင်မှုကိုကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

### ကြည့်ရှုစစ်ဆေး

**အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့အမှတ်(၈)ရပ်ကွက်ရှိ တိုင်းဝင်းဆန်စက်၌ ကျင်းပသည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာန၏ ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်း ကိရိယာများ ဒုတိယအကြိမ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် အင်ဂျင်စက်များ၊ ဦးချွန်းပဲ့ချွန်း လှေများနှင့် ငါးဖမ်း ကိရိယာမျိုးစုံတို့ကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

**လပွတ္တာမြို့နယ် ရေလုပ်ငန်း ပြန်လည်ထူထောင်ရေးအတွက် ရေလုပ်သားများအား ထောက်ပံ့ပေးအပ်မည့် ငါးဖမ်းစက်လှေများကို တွေ့ရစဉ်။**
(သတင်းစဉ်)

### ဆောက်လုပ်ပြီး နေအိမ်များ

**လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့ အုတ်တွင်း ကျေးရွာအုပ်စု ခုံကြီးကျေးရွာသစ်တွင် ဆောက်လုပ်ပြီး နေအိမ်များကို ဝေဟင်မှ တွေ့ရစဉ်။**
(သတင်းစဉ်)

# ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ ဗလာစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

မြိတ် ဩဂုတ် ၁၉

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ဗလာစာအုပ်နှင့်စာရေးကိရိယာများလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက်၉နာရီက မြိတ်မြို့ သံသရာအေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပရာ တနင်္သာရီတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးနှင့် တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## ပေးအပ်လှူဒါန်း

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန်းဌေးနှင့် ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်တို့က သံသရာအေးဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြသည်။

## လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကနှင့်တာဝန်ရှိသူများသည် ဇေယျာသုခ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့သွားရောက်၍ ဇေယျာသုခ ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသီရိအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းသည်။ လှူဒါန်းမှု စုစုပေါင်း တန်ဖိုးမှာ ငွေကျပ်လေးသိန်းလေးသောင်းဖြစ်ကြောင်း သိရသည်။ (၀၄၃)

# ဓမ္မကထိကဆရာတော်များ ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၈၂)ကြိမ်မြောက် အကျိုးတော်ဆောင် ဓမ္မကထိကဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် အလှူငွေကျပ်လေးသောင်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုပွဲကို အသင်းတိုက်တည်ရာ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း အမှတ် ၈၉တွင် ဩဂုတ်၂၄ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီခွဲ၌ကျင်းပမည်ဖြစ်သည်။

## နှိုးဆော်

အသင်းသူ အသင်းသား အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဆိုပါအခမ်းအနားသို့ တက်ရောက်ကြရန် အမှုဆောင် အဖွဲ့က နှိုးဆော်ထားသည်။

**(မြန်မာ့အလင်း)**

20-8 (09).pmd 1 8/21/2008, 3:29 AM

# လောကထဲက လူလေးမျိုး

**ချစ်နိုင်**
**(စိတ်ပညာ)**

လူတွေဟာနေ့စဉ်နဲ့အမျှရွေ့လျားလှုပ်ရှားနေကြတာကို မြင်ပါတယ်။ လူတွေဟာ အမျိုးမျိုးပါပဲ။

အဲဒီ လူတွေထဲမှာ အချို့က ကံကောင်းကြတယ်။ ဘယ်လောက်ကံကောင်းသလဲဆိုရင် သူ့မှာ စားဖို့ရာလည်း မပူရဘူး၊ ဝတ်စရာလည်း မပူရဘူး၊ နေစရာလည်း မပူရဘူး၊ စားစရာ ကောင်းမွန်ရာတွေဆိုရင် စားချင်သလောက်စား၊ စားနိုင်သလောက်စား၊သောက်နိုင်သလောက်သောက်၊ ပေါများပြည့်စုံသမှ အလျှံပယ်ပေါ့။ အဖိုးတန်တဲ့ စားကောင်းသောက်ဖွယ်တွေကို ပဒေသာပင်က ဆွတ်ယူ စားသုံးနိုင်သလို ပြည့်စုံကြွယ်ဝပါတယ်။ စားစရာတွင်လားဆိုတော့ မဟုတ်ပါ။ ဝတ်စရာ ပိုး၊ ဖဲ၊ ကတ္တီပါ၊ သက္ကလပ်၊ ဇာအမျိုးမျိုး အစားစားသော ဝတ်စရာတွေဟာ တောင်ပုံရာပုံ ပြည့်စုံချမ်းသာတယ်။ ဝတ်စရာ ပတ္တမြား၊ နီလာ၊ စိန်၊ ကျောက်စိမ်း၊ မြ၊ ရွှေ၊ ငွေ အထွေထွေသော လက်ဝတ် လက်စားတွေ အရာရာ သူ့မှာအကုန် အလုံးစုံရှိတယ်။ နေစရာလည်း အလားတူပါပဲ။ ဆောင်းရာသီ စံမြန်းစရာ၊ နွေရာသီစံမြန်းစရာ စသဖြင့် ပြည့်စုံပါသတဲ့။ ဒီလို လောကီစည်းစိမ်ဟူသမျှ ပြည့်စုံ ကြွယ်ဝတဲ့သူဟာ ကံအကောင်းဆုံးလူစားပေါ့။ လောကုတ္တရာဘက်တွင် တရားအမြင်ဖြင့် နိဗ္ဗာန်ချမ်းသာရရှိသူများလည်း ရှိပါတယ်။ သူတို့ကတော့ ရုပ်ဝတ္ထုအားလုံးရဲ့မတည်မြဲပုံကိုသိမြင်ကြလို့ ဘာမှမခင်တွယ်၊ လွတ်မြောက်လို့ လုံးဝအေးချမ်းကြတယ်။ ဒါကတော့ ကံအကောင်းဆုံး လူသားတွေပါပဲ။

အချို့ဟာ ကံကောင်းကြတယ်။ အတော်အသင့် ကြိုးစားရုံနဲ့ အတော်အတန် ချမ်းသာတယ်။ စားဝတ်နေရေးပူစရာမလိုဘူး၊ ခေါင်းအေးအေးနဲ့ စိတ်ချမ်းသာပါရဲ့။

အချို့ဟာကံဆိုးကြတယ်။ ဘဝရည်မှန်းချက်တွေ ပြိုပျက်ပြီး မိမိလုပ်ဆောင်ချက်တွေဟာအရာမထင်ဖြစ်တတ်ပါတယ်။ မထင်မှတ်တဲ့ ကံဆိုးမိုးမှောင်တွေက သူ့ဘဝကို ဒုက္ခပေးကြတယ်။

အချို့ဟာတော်တော်ကြီး ကံဆိုးလှတယ်။ သူပြုသမျှ အရာမထင်၊ သူလုပ်သမျှ အလွဲလွဲအချော်ချော်၊ သူဆောင်ရွက်သမျှကောင်းကျိုးမရ၊ ရန်သူမျိုး ငါးပါးနဲ့ ဆိုးဆိုးရွားရွား ကြုံရပြီး မရှုမလှနဲ့ ဇာတ်သိမ်းကြရတဲ့အထိပဲ။

လူတွေလူတွေ တူရာစုပြီး အုပ်စုခွဲခြား စိစစ် ကြည့်လိုက် ရင်တော့ များများစားစားမရှိပါဘူး၊တိတိကျကျ ရေတွက်ကြည့်လိုက်ရင် လူလေးမျိုးလေးစားပဲ ရှိပါတယ်။ အောက်ပါအတိုင်းပဲ ဆိုပါစို့.-

၁။ ကံအလွန်ကောင်းသူများ၊
၂။ ကံကောင်းသူများ၊
၃။ ကံဆိုးသူများ၊
၄။ အလွန်တရာ ကံဆိုးရှာလွန်းတဲ့ လူများ။

**ကံအလွန်ကောင်းသူများကတော့ ဓမ္မဆိုတဲ့တရားရဲ့အဆုံးအမကို နားဝင်လက်ခံယုံကြည်သူတွေပဲ၊ သူတို့ဟာ အကုသိုလ်ဒုစရိုက်တရားတွေ ကင်းစင်နည်းပါးပြီး လောက ကောင်းကျိုး၊ လောကလူသားများရဲ့အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကိုသာရှေးရှုလုပ်ဆောင်ကြတဲ့ လူစားတွေ။ တရားနဲ့အညီနေထိုင်တယ်၊ တရားနဲ့အညီ ကျင့်သုံးတယ်။ တရားရဲ့ အဆုံးအမတွေကို သက်ဝင်ယုံကြည်တဲ့အတွက် မတရားတာမလုပ်ဘူး၊ မသမာမှုကိုရှောင်ကြဉ်တယ်။ မမှန်တာမလုပ်ဘူး၊ မဟုတ်တာကိုမပြောဘူး၊ သူတစ်ဖက်သားကို တမင်ထိခိုက်နစ်နာအောင် မပြုလုပ်ဘူး။ သူ့ရည်ရွယ်ချက်ကလောကကောင်းကျိုး သယ်ပိုးဖို့ရန် ဖြစ်ပါတယ်။ သူ့အပြုအမူတွေက နူးညံ့ပျော့ပျောင်းတယ်။ မေတ္တာဓာတ်ပါတော့ အေးမြတယ်။ သူက လူတစ်ဖက်သားကို ကြင်နာမှု၊ စာနာမှု၊ ငဲ့ညှာမှုနဲ့သာ ဆက်ဆံတယ်။ တိုးတက်အောင် ကူညီမှု၊ ဖြည့်ဆည်းမှု၊ အားပေးမှုတွေနဲ့ လက်တွဲတယ်။**

**သူတို့ဟာ လုပ်သမျှ အောင်မြင်ခဲ့တာပဲ။**

**သူတို့က ကံအကောင်းဆုံး လူစားတွေ။**

ဒုတိယ ကံကောင်းသူအမျိုးအစားလူတွေက တရားဓမ္မကို သိသူ၊ သိကြပါတယ်။ ကြားဖူးနားဝ ရှိသူလည်း ရှိကြပါတယ်။ သူတို့က တရားဓမ္မကို သိပေမယ့် ကျင့်တော့ အပြည့်အဝ မကျင့်နိုင်ကြဘူး။ ဒါပေမယ့် ဖောက်ဖျက်ကြသလား ဆိုပြန်တော့လည်း မဖောက်ဖျက်ကြ၊ မကျူးလွန်ကြ။ သူတို့က ဝါရိတ္တသီလ၊ စာရိတ္တသီလ တို့ကိုတော့ အလေးအနက်ထားတယ်။

မသတ်ဘူး။

မခိုးဘူး၊ မဝှက်ဘူး၊ မလုယက်ဘူး။

အရက်သေစာ မသောက်စားပါဘူး။

မုသားမပြော။

သူများသားမယားကို မပြစ်မှား။

ဝေနေယျာအများအပေါ် မေတ္တာထားပါတယ်။

ဒီလူတွေဟာ ကံကောင်းတတ်ကြတယ်။ ဘဝမှာဆိုးဆိုးရွားရွားပြင်းပြင်းထန်ထန် လိမ့်လဲသွားအောင် မကြုံကြရပါ။ သင့်တင့်မျှတစွာ အေးချမ်းသာယာစွာ နေရတယ်။

တတိယလူစု။

ကံဆိုးသူတွေ။

လူပေ၊ လူတေ၊ လူပွေ။ လောကကြီးမှာ ပျော်သလိုနေမယ်။ သူတို့မှာ ဘုရားမသိ၊ တရားမရှိ၊ သံဃာမရှိ။ သူထင်ရာသူလုပ်တယ်။ သူ့စိတ်နဲ့တွေ့ရင် ကောင်းတယ်။ သူမထင်ရင် မထင်သလို ပြုမူတယ်။ မူမရှိဘူး၊ တရားဓမ္မဆိုတာ ကျင့်သုံးလိုက်နာစရာလို့ နားမလည်ဘူး။ ဓမ္မနဲ့ ကြာလေဝေးတော့ အဓမ္မသမားတွေ ဖြစ်လာတယ်။ ခက်ထန်လာတယ်၊ ကြမ်းတမ်းလာတယ်။ ရက်စက်ဖို့လည်းဝန်မလေး။ တွေးကြည့်ရင်တော့ ကြက်ဟင်းခါးသီးကို စိုက်ခဲ့ကြလို့ သူတို့ဘဝ အခါးသီးတွေ စားနေကြရတာ။ ဘဝရဲ့ ခါးသီးကြမ်းရှမှုတွေကြောင့် သူတို့က ပိုမိုယုတ်မာပက်စက် လာကြပြန်ပါရော။ တရားဓမ္မ လမ်းမှန်ပြမယ့်သူနဲ့ မနီးသမျှ ဒီလူစားတွေရဲ့ဘဝဟာ ရေဝေးကြာလို နွမ်းသွေ့ကြရရှာမှာပဲ။ ကြက်ဟင်းခါးပင်စိုက်ပြီး စပျစ်သီးစားချင်လို့တော့ဘယ်ရမှာလဲ။ မိမိစိုက်တာနဲ့အညီ ဘယ်သူမဆို ကိုယ်စိုက်ပျိုးတဲ့အသီးကိုသာ ဆွတ်ခူးကြရစမြဲ မဟုတ်ပါလား။

လူဖြစ်လာရ လူ့ဘဝ၊ကံအဆိုးဆုံးပေတာတုံးတဲ့ လူသားတွေ ရှိပေသေးတယ်။ မနုဿတ္တဘာဝေါ ဒုလ္လဘော ဆိုတဲ့ စကားရှိတယ်။ လူ့ဘဝဟာ ရခဲတယ်။ လူ့အဖြစ်ဟာရဖို့ရာတော်တော်ခဲယဉ်းတယ်။ လူဖြစ်လာရင် လူ့လောကကောင်းကျိုးကိုတော့ ပြုသင့်တာပေါ့။ အဲဒါ ကုသိုလ်ခေါ်တယ်။ ကောင်းမှုလေ။

မပြုချင်လည်းနေ။

ဖျက်ဆီးရင်တော့ အကုသိုလ်ဆိုက်ပြီ။

လောကကောင်းကျိုးကို အလုံးစုံပျက်သုဉ်းသွားအောင်ချေမှုန်းတိုက်ဖျက်ပစ်မယ် ကြုံးဝါးပြီး လုံးလုံးကြီးမားပြီဆိုရင်တော့ လူဖြစ်လာတဲ့ အတိတ်ကံကို မိမိကိုယ်တိုင် အမြစ်ကိုတူးဖြိုပြီး မိုက်မဲတာနဲ့ အတူတူပါပဲ။ လွဲသွားပြီ။ ပင်စည်လဲတော့မည်။ အကိုင်းအခက်တွေ ထင်းဖြစ်ရတော့မည်။

အရင်းလဲရင် အဖျားထင်းဖြစ်ဆိုတဲ့ စကားပုံဆိုရိုးစကားဟာ ဒီလိုလူစားတွေအတွက် ထားခဲ့တာ။ ကိုယ်ခိုနားတဲ့အရိပ်ရဲ့ အခက်ကို ချိုးပြီဆိုမှတော့ နေထိုးပြီပေါ့။ အရိပ်အကိုင်းကို ခုတ်ချင်တာကိုး။ ဘဝဟာ ပူလောင်ရမှာပဲ။

မိုက်မဲမှုရဲ့ ဒဏ်ကို ဘယ်သူမပြု မိမိမှု ခံစားရပေလိမ့်မယ်။ လောကရှိ လူသားတိုင်းမှာပြုကျင့်အပ်တဲ့ဝတ္တရားနှစ်ရပ်ရှိပါတယ် -

ဗဟုဇနဟိတာယ၊ လူအများကောင်းကျိုးကိုဆောင်ရန်။

ဗဟုဇနသုခါယ၊ လူအများရဲ့ချမ်းသာရေးကို ဆောင်ကြဉ်းပေးရန်။

လူသားတိုင်း လူသားတိုင်းဟာ မိမိတည်မှီနေရတဲ့ လောက လူသားအများကို တုံ့ပြန်ကျေးဇူးတင်တတ်ဖို့ လိုပါတယ်။ ကျေးဇူးတရားသိတတ်ဖို့ လိုပါတယ်။ ကျေးဇူးကိုဆပ်နိုင်ရင် လူတော်ပေါ့၊ ကြိုဆိုရမှာပေါ့။ သို့သော်-

အများရဲ့ကျေးဇူးကို မသိဘူးလား။ ရပါတယ်။

မထုတ်ဖော်ချင်ဘူးလား။ ရှိပါစေလေ။

ကျေးဇူးကို မဆပ်ချင်ဘူးလား။ နေပါစေလေ။

ကျေးဇူးကန်းချင်တယ်။ ဟာ- လွဲနေပြီ။

ကျေးကွင်း စွပ်နေပြီ။ အို- ယုတ်မာလေစွ။

လောကကြီးဟာ အမှန်တရားတွေကြောင့် ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့တာ။

လူသားတချို့ရဲ့မိုက်မှားရိုင်းစိုင်းမှုကြောင့်ကမ္ဘာ့စစ်ကြီးတွေ၊ဒေသန္တရစစ်တွေ၊ သွေးပင်လယ်ဝေအောင် ဖြစ်ခဲ့ကြပြီ၊ ဖြစ်နေကြဆဲ။ လူတချို့ရဲ့ တစ်ကိုယ်ကောင်း အတ္တဆန္ဒကြီးမားပြင်းထန်မှုကြောင့် ဘာမဆိုအရာရာကို အကောင်းတစ်ခုမှမမြင်၊ လုံးဝဥဿုံ ပျက်သုဉ်းရေးသို့သာ နှစ်ပေါင်းများစွာ ခေါင်းမာမာနဲ့ မိုက်မဲနေတာမျိုးတွေလည်း ရှိတတ်တာပါပဲ။ အမြင်မှန် ရလာရင် ပျော့ပျောင်းစွာ ပြောင်းလဲသွားမှာပါ။ အမြင်မှန်ရကြပါစေ။

**ယံကမ္မံ ကရိဿာမိ**
**ကလျာဏံ ဝါ ပါပကံ ဝါ**
**တဿဒါယဒေါ**
**ဘဝိဿာမိဘိ။**

အကြင်၊ ကောင်းသော ကံကို ပြုပါကကောင်းကျိုးရ၏။ မကောင်းသောကံကိုပြုပါကမကောင်းကျိုးရ၏ လို့ ဘုရားရှင်က အဘိဏှသုတ္တန်မှာ ဟောကြားတော်မူတယ်။ကောင်းကျိုးပြုမှ ကောင်းကျိုးရပေမယ်။

**အများကောင်းကျိုးကို အများနဲ့ အတူစုပေါင်းပါဝင်ပြီး ညီညီညာညာ ညီညီညွတ်ညွတ် လက်တွဲကြရမည့် အချိန်အခါပါ။ နိုင်ငံတကာ အခြေအနေတွေကိုကြည့်ရင် အကောင်းအဆိုး၊ အကြောင်းအကျိုးတွေ မြင်ရပါမယ်။ ကောင်းတဲ့အပြုအမူတွေကို လုပ်မှ ကောင်းကျိုးမုချရမယ်။ မကောင်းတဲ့ အကုသိုလ် ဒုစရိုက်တရားတွေကို စွန့်ပယ်ဖယ်ရှားရပါမယ်။ အချိန်တန်ပြီ။**

လောဘမလွန်ကဲစေနဲ့။ ဒေါသကို ထိန်းပါ။ အဝိဇ္ဇာ မောဟကို ဝိဇ္ဇာဖြစ်အောင် တရားဓမ္မနဲ့ နီးစပ်ဖို့ရာ ကြိုးစားပါ။ ကံဆိုးသူဟာ ကံကောင်းသူ ဖြစ်လာမယ်။ ကံကောင်းသူဟာ ကံအကောင်းဆုံးလူ ဖြစ်လာမယ်။ ကံတရားကို လူက ပြုပြင်လို့ရတယ်။ ကံကိုလူက စီမံတာပါ။ **ကံက လူကို ဖန်တီးစီမံတာက မိမိရဲ့ စေတနာအရ တုံ့ပြန်ရရှိတာ ပြောခြင်းပါ။စေတနာကောင်းရင် ကံကောင်းတယ်။ စေတနာမှန်ရင် ကံမြင့်မယ်။ စေတနာချမ်းသာမှ ကံချမ်းသာပါလိမ့်မယ်။** လောကမှာ လူလေးစား ရှိကြတယ်။ သင်က ဘယ်လိုလူမျိုးလဲ။ ။

**ကံက လူကို ဖန်တီးစီမံတာက မိမိရဲ့ စေတနာအရ တုံ့ပြန်ရရှိတာ ပြောခြင်းပါ။ စေတနာကောင်းရင် ကံကောင်းတယ်။ စေတနာမှန်ရင် ကံမြင့်မယ်။ စေတနာချမ်းသာမှ ကံချမ်းသာပါလိမ့်မယ်။**

## ကျိုက္ကလော့မိုးကုတ်ရိပ်သာတရားစခန်းပွဲ

**ရန်ကုန် ဩဂုတ် ၁၉**

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော် ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသဦးစီး၍ ကျင်းပတော်မူသော မိုးကုတ်ဝိပဿနာ ရှစ်ရက်တရားစခန်းပွဲကို ဩဂုတ်၃၁ရက်မှ စက်တင်ဘာ ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများသည် ဩဂုတ်၁၉ရက် ညနေ ၅နာရီနောက်ဆုံးထား၍ လာရောက်ကြရန်နှင့် ဆွမ်းဆက်ကပ်လှူဒါန်းလိုသူများ ဖုန်း-၀၉-၈၅၈၁၆၇၅၊ ၀၉-၅၁-၀၅၆၆၅၊ ၆၃၅၆၃၂ တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားသည်။

တရားအလုပ်ချိန်များ၌ ယောဂီဝတ်စုံကိုသာ အမြဲတမ်းဝတ်ဆင်ကြရမည်ဖြစ်ကြောင်းနှင့် အသက်၁၅နှစ်နှင့်အထက် ယောဂီများကိုသာ လက်ခံမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

## ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

**ရန်ကုန် ဩဂုတ် ၁၉**

"တိုးတက်ဖြစ်ထွန်းလာနေသော မြန်မာ-တရုတ်ဆက်ဆံရေး" အပေါ် ပညာရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ထင်မြင်သုံးသပ်ချက်များ စုံလင်စွာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၃၂) ထွက်ရှိလာသည်။

ထို့အပြင် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းကြီးနှစ်ခုကို နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းကြီးများအဖြစ် အဆင့်မြှင့်တည်ထောင်မည်၊ နိုင်ငံပေါင်း ၂၈နိုင်ငံ ပါဝင်သည့် သဘာဝဘေးကြိုတင်သတိပေးရေးဗဟိုဌာန တည်ဆောက်ရန် စီစဉ်နေ၊ ဂျပန်ယန်း သန်းရာကျော်အကုန်ခံ၍ မြန်မာ-ဂျပန် နို့စားနွားမွေး/ကုစီမံကိန်းလုပ်မည်၊ ရောဂါကြီးခြောက်မျိုးကာကွယ်ဆေးသိုလှောင်အအေးခန်းကြီးတည်ဆောက်၊ မြန်မာ့လယ်ယာနှင့် စက်မှုကဏ္ဍရင်းနှီးမြှုပ်နှံမှုရှာဖွေရန် ကူဝိတ်အဆင့်မြင့်ရင်းနှီးမြှုပ်နှံမှုအဖွဲ့လာမည်၊ သွေးတိုးဝဖြိုး၍ သကြားဓာတ်များသူများ သတိထား၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ကြော်ငြာများ" အကြောင်း စသည့်ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများပါရှိသည်။

စင်ကာပူတွင် လုပ်သားအင်အားလျှော့ချခံရမှု ဘာကြောင့်များလာ၊ အိုလံပစ်အားကစားပွဲ စတင်သည့် ရှစ်ဂဏန်းနေ့ရက်တွင် စုံတွဲများစွာလက်ထပ်၊ ဘလူးစ်ဂီတပါရမီရှင်ဖြစ်လာသည့်အသက်ရှစ်နှစ်အရွယ်ကလေးငယ်တစ်ယောက်အကြောင်း၊ ဝန်ပင့်စက်အကူအညီနဲ့ အပျော်ခရီးထွက်တဲ့ လူဝကြီး၊ သွေးတိုးကျလိုသူများ ကြက်သွန်ဖြူနေ့တိုင်းစား၊ "ဇနီးဖြစ်သူသေဆုံးမှုတွင် ခင်ပွန်းသည်ကို လူသတ်မှုမသင်္ကာသူအဖြစ် စွဲချက်တင်" မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့ကဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍစုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

## ရေစီးရေလာကောင်းမွန်ရေး လွယ်ဂျယ်၌ဆောင်ရွက်

**လွယ်ဂျယ် ဩဂုတ် ၁၉**

ဗန်းမော်ခရိုင် လွယ်ဂျယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာဦးဝဏ္ဏ ဦးဆောင်သောဝန်ထမ်းများက ဩဂုတ်၁၀ရက်တွင် လွယ်ဂျယ်ဈေးအတွင်းအပြင် ရေဆိုးမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်နှင့်သဲနုန်းများဆယ်ယူရှင်းလင်းနေမှုကို မြို့နယ်တာဝန်ခံအရာရှိဦးသောင်းမြင့်က ကြီးကြပ်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

## မိုးမောက်စည်ပင် သဲကျောက်ခင်းကျင်းဆောင်ရွက်

**မိုးမောက် ဩဂုတ် ၁၉**

မိုးမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိရာ မင်းဂျမ်းကျေးရွာရှိ ဈေးလမ်းအား သဲကျောက်ခင်းကျင်းခြင်း လုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ဦးဆောင်သောဝန်ထမ်းများဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၈-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အတီးပြိုင်ပွဲ
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀ ၇။ သီချင်းကြီးပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ အဆိုပြိုင်ပွဲ
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၁၅ ၃။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
၄:၂၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၅။ အဆိုပြိုင်ပွဲ
၄:၄၀ ၆။ **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ ရှင်ဖုန်း အိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်၊ စိုင်းခန့်စိုးလင်း (ဒါရိုက်တာ-မောင်မောင်မြင့်)
၅:၀၀ ၇။ တေးဂီတအစီအစဉ်
၅:၁၅ ၈။ ရှသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
၆:၅၀ ၁၂။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၁၅ ၁၃။ ဆိုလိုက်ကြစို့
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (သုဝဏ္ဏသာမ ဇာတ်တော်ကြီး ပြိုင်ပွဲ) (မောင်အောင်ကိုဝင်းနှင့်အဖွဲ့) (တတိယဆု) (ရန်ကုန်တိုင်း) (ပထမပိုင်း)**

## တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ဝန်ထမ်းသားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

## အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်

နေပြည်တော် ဩဂုတ် ၁၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၁၆ရက်က အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းက ၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသည့် မခိုင်မြတ်မွန်၊ မရတနာအောင်၊ မထားထား ဦးနှင့် မအိမ့်သန္တာဦးတို့အား ငွေကျပ်လေး သိန်းစီကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်က ငါးဘာသာဂုဏ်ထူး ရရှိသည့် မောင်ဥက္ကာကျော်အား ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်**(အပေါ်ယာပုံ)**က ခြောက် ဘာသာဂုဏ်ထူးရရှိသည့် မခိုင်အိမွန်၊ မဟန် နီစုလှိုင်နှင့် မအိမွန်မွန်ကိုတို့အား ငွေကျပ် ခြောက်သိန်းစီကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တစ်ဘာသာ၊ နှစ်ဘာ သာနှင့် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ ကြသော ကျောင်းသား ကျောင်းသူ ၄၃ဦး အား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၇၁သိန်း၊ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ သားသမီးများအတွက် ပညာသင်ထောက်ပံ့ ကြေးငွေကျပ် သိန်း၄၀၀ စုစုပေါင်းငွေကျပ် ၄၇၁သိန်းကို ဝန်ကြီး ဗိုလ်ချုပ်ခင်မောင် မြင့်က ပေးအပ်ရာ လျှပ်စစ်စွမ်းအားဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်း ထွန်းက လက်ခံသည်။

၂၀၀၇-၂၀၀၈ပညာသင်နှစ် တက္က သိုလ်ဝင်စာမေးပွဲတွင် အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး ၂၅၆ဦးအောင်မြင်ခဲ့ပြီး ဂုဏ်ထူးဖြင့် ထူးချွန် စွာအောင်မြင်သူ ၅၁ဦးရှိကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ်၁၄ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘုန်းတော်ကြီး ကျောင်း ပညာ သင်ကြားမှု မြို့နယ်ကြီးကြပ်ရေး အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ဖူဆယ်ဘောလုံးဒိုင်လူကြီး သင်တန်းအမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲ ကျင်းပစဉ်။

(အား/ကာ)

## ဟိုင်းကြီးကျွန်း ဘုန်းတော်ပြည့် မူလတန်းလွန်ကျောင်းအတွက် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ငွေကျပ်သိန်း၂၇၀လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ အလှူရှင် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဧရာဝတီတိုင်း လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ပြင်ခရိုင် ကျေးရွာအုပ်စု ဘုန်းတော်ပြည့်ကျေးရွာရှိ မူလတန်းလွန်ကျောင်း ပြန်လည်တည်ဆောက်ရန် အလှူငွေကျပ်သိန်း၂၀၀နှင့် ကျောင်းသုံးပရိဘောဂများအတွက် ငွေကျပ်သိန်း ၇၀ စုစုပေါင်းအလှူငွေကျပ်သိန်း ၂၇၀ကို ဩဂုတ်၁၇ရက် နံနက်၉နာရီက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်က လာရောက်ပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### လက်ခံယူ

မိခင် ဒေါ်ထွေးဟန် အမှူးထား၍ အမှတ်၃၀၉ မဟာဗန္ဓုလလမ်း ဗိုလ်တထောင်မြို့နယ်နေ သမီး မမြမြဝင်းနှင့် မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် မျက်စိတွင်းထည့်မှန်ဘီလူးတို့အတွက် အလှူငွေကျပ် ၂၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှသိန်း လက်ခံယူစဉ်။

(သံဃာ့ဆေးရုံ)

ရန်ကုန် ဩဂုတ် ၁၉

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါလျက် ဩဂုတ် ၂ရက် နံနက် ၈နာရီခွဲက ချမ်းအေးသာစံမြို့နယ် ၇၉လမ်း၊ ၃၁လမ်းနှင့် ၃၄လမ်းကြား ရေဆိုးထုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

## မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ နယ်မြေအတွင်း အဓိကမြောင်းကြီးများနှင့် ရေဆိုးထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့အား သန့်ရှင်းရေးဌာန ဌာနမှူးက ၇၉လမ်း၊ ၃၁လမ်းနှင့် ၃၄လမ်းကြား ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**မှာကြား**

ထို့နောက် မြို့တော်ဝန်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်မြေအတွင်းရှိ ရွှေတချောင်း၊ ငွေတချောင်း၊ တက်မှော်ချောင်း၊ ကိုလံဘိုမြောင်း၊ နဒီချောင်း အပါအဝင် အဓိကမြောင်းကြီးများနှင့် မြို့တွင်းရှိ ရေဆိုးထုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဌာနက နွေ၊ မိုး၊ ဆောင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် အဟန့်အတားဖြစ်စေသည့် အမှိုက်များ၊ ပလတ်စတစ်အိတ် (ကြွပ်ကြွပ်အိတ်များ) မြောင်းအတွင်းသို့ စည်းကမ်းမဲ့ မစွန့်ပစ်ရေးအတွက် သက်ဆိုင်ရာနယ်မြေ စည်ပင်မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်သန့်ရှင်းရေးတာဝန်ခံများက မိမိတို့ နယ်မြေအလိုက် စည်းရုံးပညာပေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၅လမ်းမှ ၄၁လမ်းအတွင်း မြေထိန်းနံရံများပြုလုပ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၃၁၃)

### ကွင်းဆင်းဆောင်ရွက်

ဩဂုတ် ၁၀ရက်က မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများ အမှတ်(၁)ရပ်ကွက် မွှေးရုံတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

(မြန်မာ့အလင်း)

20-8 (11).pmd 1 8/21/2008, 3:29 AM

**ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား**

# ၂၀၀၈ ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ ဆက်လက်ဆင်နွှဲ
# အိမ်ရှင်တရုတ်အားကစားအဖွဲ့ ရွှေတံဆိပ် ၄၃ခုဖြင့်ဦးဆောင်

မောင်မောင်မြင့်ဆွေ ရေးသားသည် (ကိုးကား - ဆင်ဟွာသတင်းအချက်အလက်များ)

စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

ပေကျင်း ဩဂုတ် ၁၉

၂၀၀၈ပေကျင်းအိုလံပစ်ပွဲတော်ကို ၁၁ရက်မြောက်နေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ တရုတ်နိုင်ငံတစ်ဝန်း အိုလံပစ် အားကစားပြိုင်ပွဲ ဆင်နွှဲသံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ဩဂုတ်၁၉ရက်က ကျင်းပခဲ့သည့် အိုလံပစ်အားကစားပြိုင်ပွဲများမှ အောင်မြင်မှုရရှိခဲ့သော နိုင်ငံတကာမှ အားကစားသမားအချို့ကို ဆက်လက်ဖော်ပြလိုက်ပါသည်-

## ရှက်လေ့

အမျိုးသားရှက်လေ့ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို ဆက်လက်ယှဉ်ပြိုင်ရာ အမျိုးသား တစ်ဦးချင်း ရှက်လေ့ပြိုင်ပွဲတွင် ဗြိတိသျှရှက်လေ့ကစားသမား ပေါလ်ဂွတ်ဒီဆင်က ၆၃မှတ်ဖြင့် ရွှေတံဆိပ် ရရှိခဲ့သည်။ ဆလိုဗက်ကီးယားမှ ဗာစီလီဇာဘိုဂါက ၇၁မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး အီတလီမှ ရိုမီရိုက ၇၅မှတ်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။

**ရှက်လေ့ရွှေ**

ရှက်လေ့ပြိုင်ပွဲ၌ ရွှေတံဆိပ် ဆွတ်ခူးခဲ့သည့် ဗြိတိသျှ ရှက်လေ့ ကစားသမား ပေါလ်ဂွတ်ဒီဆင် အောင်ပွဲခံဟန်။

## သုံးမျိုးစုံပြိုင်ပွဲ

အမျိုးသားသုံးမျိုးစုံ ရေကူး၊ စက်ဘီးနှင့် အပြေးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို ဆက်လက်ယှဉ်ပြိုင်ရာ ဂျာမနီမှ ဂျန်ဖလိုဒီနိုက ၁နာရီ၄၈မိနစ်၅၃စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးရရှိသည်။ ကနေဒါမှ ဆီမွန်ဝစ်ဖီလ်က ၁နာရီ ၄၈မိနစ် ၅၈စက္ကန့် ဖြင့် ငွေတံဆိပ် ရရှိခဲ့ပြီး နယူးဇီလန်မှ ကီဗင်ဒိုချာတီက ၁နာရီ ၄၉မိနစ် ၀၅ စက္ကန့်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။

ကမ္ဘာ့စံချိန်ချိုးပြီး ရွှေတံဆိပ်ဆွတ်ခူးသွားခဲ့သည့် ရုရှားတုတ်ထောက်ခုန်မယ် ယီလီနာအိုင်ဆင်ဘာယီဗာ ဤသို့ ယှဉ်ပြိုင်ခဲ့သည်။

## တုတ်ထောက်ခုန်

အမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ပေကျင်းမြို့အမျိုးသား အားကစားရုံ၌ ဆက်လက်ကျင်းပရာ ရုရှားတုတ်ထောက်ခုန်အားကစားမယ် ယီလီနာ အိုင်ဆင်ဘာယီဗာက ကမ္ဘာ့စံချိန်ချိုးကာ ရွှေတံဆိပ် ဆွတ်ခူးရရှိသွားသည်။

## အမျိုးသမီးဘော်လီဘော

အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ဘရာဇီးနှင့် ဂျပန်တို့ပွဲတွင် ဘရာဇီးအသင်းက ၂၅-၁၂၊ ၂၅-၂၀၊ ၂၅-၁၆ဖြင့် သုံးပွဲပြတ် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

## ပေကျင်းအိုလံပစ် ဆုရရှိမှုအနေအထား

ဩဂုတ် ၁၉ ရက် မြန်မာစံတော်ချိန် (ည-၁၀နာရီအထိ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | တရုတ် | ၄၃ | ၁၄ | ၁၉ | ၇၆ |
| ၂ | အမေရိကန် | ၂၆ | ၂၆ | ၂၇ | ၇၉ |
| ၃ | ဗြိတိန် | ၁၆ | ၉ | ၈ | ၃၃ |
| ၄ | ဩစတြေးလျ | ၁၁ | ၁၂ | ၁၂ | ၃၅ |
| ၅ | ဂျာမနီ | ၁၁ | ၈ | ၉ | ၂၈ |
| ၆ | ရုရှား | ၁၀ | ၁၄ | ၁၈ | ၄၂ |
| ၇ | တောင်ကိုရီးယား | ၈ | ၁၀ | ၆ | ၂၄ |
| ၈ | ဂျပန် | ၈ | ၆ | ၈ | ၂၂ |
| ၉ | အီတလီ | ၆ | ၆ | ၇ | ၁၉ |
| ၁၀ | ယူကရိန်း | ၅ | ၄ | ၈ | ၁၇ |
| ၁၁ | ပြင်သစ် | ၄ | ၁၁ | ၁၄ | ၂၉ |
| ၁၂ | နယ်သာလန် | ၄ | ၅ | ၄ | ၁၃ |
| ၁၃ | ရိုမေးနီးယား | ၄ | ၁ | ၃ | ၈ |
| ၁၄ | စပိန် | ၃ | ၄ | ၂ | ၉ |
| ၁၅ | ပိုလန် | ၃ | ၄ | ၁ | ၈ |
| ၁၆ | ဆလိုဗက်ကီးယား | ၃ | ၁ | - | ၄ |
| ၁၇ | ကနေဒါ | ၂ | ၆ | ၅ | ၁၃ |
| ၁၈ | ကင်ညာ | ၂ | ၄ | ၂ | ၈ |
| ၁၉ | ချက် | ၂ | ၃ | - | ၅ |
| ၂၀ | ဂျမေကာ | ၂ | ၃ | - | ၅ |
| ၂၁ | နယူးဇီလန် | ၂ | ၁ | ၅ | ၈ |
| ၂၂ | ဒိန်းမတ် | ၂ | ၁ | ၃ | ၆ |
| ၂၃ | မြောက်ကိုရီးယား | ၂ | ၁ | ၃ | ၆ |
| ၂၄ | အီသီယိုးပီးယား | ၂ | ၁ | - | ၃ |
| ၂၅ | ဆွစ်ဇာလန် | ၂ | - | ၃ | ၅ |
| ၂၆ | ဂျော်ဂျီယာ | ၂ | - | ၁ | ၃ |
| ၂၇ | ကျူးဘား | ၁ | ၅ | ၅ | ၁၁ |
| ၂၈ | ဘီလာရုစ် | ၁ | ၃ | ၇ | ၁၁ |
| ၂၉ | ကာဇက်စတန် | ၁ | ၃ | ၄ | ၈ |
| ၃၀ | ဇင်ဘာဘွေ | ၁ | ၃ | - | ၄ |
| ၃၁ | အဇာဘိုင်ဂျန် | ၁ | ၂ | ၂ | ၅ |
| ၃၂ | နော်ဝေ | ၁ | ၂ | ၂ | ၅ |
| ၃၃ | ဆလိုဗေးနီးယား | ၁ | ၂ | ၂ | ၅ |
| ၃၄ | အင်ဒိုနီးရှား | ၁ | ၁ | ၃ | ၅ |
| ၃၅ | ဘူဂေးရီးယား | ၁ | ၁ | ၂ | ၄ |
| ၃၆ | ဖင်လန် | ၁ | ၁ | ၁ | ၃ |
| ၃၇ | အက်စတိုးနီးယား | ၁ | ၁ | - | ၂ |
| ၃၈ | မွန်ဂိုလီးယား | ၁ | ၁ | - | ၂ |
| ၃၉ | ဘရာဇီး | ၁ | - | ၅ | ၆ |
| ၄၀ | အာဂျင်တီးနား | ၁ | - | ၁ | ၂ |
| ၄၁ | ဘာရိန်း | ၁ | - | - | ၁ |
| ၄၂ | ကင်ညာ | ၁ | - | - | ၁ |
| ၄၃ | အိန္ဒိယ | ၁ | - | - | ၁ |
| ၄၄ | ပနားမား | ၁ | - | - | ၁ |
| ၄၅ | ထိုင်း | ၁ | - | - | ၁ |
| ၄၆ | တူနီးရှား | ၁ | - | - | ၁ |

ထို့အတူ ကျူးဘားနှင့် ဆာဘီးယားတို့ပွဲတွင် ကျူးဘားအသင်းကလည်း သုံးပွဲပြတ်ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။

## စားပွဲတင်တင်းနစ်

အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲ တစ်ဦးချင်းပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ၌ ဘရာဇီးမှ ဂူစတာဗို၊ ကနေဒါမှ ပင်ကျင်း၊ တူရကီမှ ဆမ်ဇန်၊ စပိန်မှ ကာနေရိုစ်၊ အီဂျစ်မှ လာဆင်၊ ကွန်ဂိုမှ ဆာကာ၊ ဩစတြေးလျမှ ဟမ်ဇီလ်၊ တောင်ကိုရီးယားမှ

**ဂျာမနီရွှေ**

သုံးမျိုးစုံ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ရယူခဲ့သည့် ဂျာမနီမှ ဂျန်ဖလိုဒီနို၏ အောင်မြင်မှု။

ဂျန်ဆောင်မင်၊ အီတလီမှ ဘိုဘိုစီရာတို့ နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်ရောက်သွားကြသည်။

## အလျားခုန်

အမျိုးသမီး အလျားခုန်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ နောက်ဆုံးအဆင့် ပြိုင်ပွဲများသို့ တက်ရောက်လာသူများမှာ ဘရာဇီးမှ ဟိုင်ဂါမက်ဂီ၊ ယူကရိန်းမှ ဘလွန်စကာ၊ ဆွီဒင်မှ

**အမျိုးသမီး ဘော်လီဘော**

အမျိုးသမီး ဘော်လီဘော ကွာတားဖိုင်နယ်ပွဲ၌ ဘရာဇီးနှင့် ဂျပန်တို့ ဤသို့ အကြိတ်အနယ် ဆင်နွှဲခဲ့ကြသည်။

ကာရိုလီနာ၊ အမေရိကန်မှ ဂရေ့၊ ရုရှားမှ အော့ဆာနာ၊ ကနေဒါမှ တာဘီရာ၊ ဂျမေကာမှ ဟမ်းမွန့်၊ ရုရှားမှ တက်ယာနာ၊ ဘရာဇီးမှ ကော့စတာ၊ ဗြိတိန်မှဂျွန်ဆင်တို့ ဖြစ်သည်။

အမျိုးသား ၁၀၅ ကီလိုတန်း အလေးမပြိုင်ပွဲ၌ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည့် ကွတ်ကျွန်းစုနိုင်ငံမှ ဆမ်ပီရာ ဤသို့ ပြိုင်ပွဲဝင်ခဲ့သည်။



## ၂၀၀၈ ပေကျင်းအိုလံပစ် အမျိုးသား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲရလဒ်

နိုင်ဂျီးရီးယား လေးဂိုး - ဂိုးမရှိ ဘယ်လ်ဂျီယံ

အာဂျင်တီးနား သုံးဂိုး - ဂိုးမရှိ ဘရာဇီး

# ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရေး ကြိုးစားရန် ဂျိုကိုးလ်တိုက်တွန်းပြောကြား

**လန်ဒန် ဩဂုတ် ၁၉**

အင်္ဂလန်အသင်း ယူရို၂၀၀၈ ခြေစစ်ပွဲ မအောင်ခဲ့ရသည့် စိတ်ပျက်ဖွယ်ရာရလဒ်ကို မေ့ဖျောက်ပစ်ရမည်ဖြစ်ကြောင်း၊ ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန်အတွက်သာ အာရုံစူးစိုက်ထားဖို့လိုကြောင်း အင်္ဂလန် ကွင်းလယ်ကစားသမား ဂျိုကိုးလ်**(ယာပုံ)**က ပြောကြားခဲ့သည်။

အင်္ဂလန်အသင်းသည် ဩဂုတ်၂၀ရက် **(ယနေ့)**တွင် လာမည့်လ၌ကျင်းပမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ချက်အသင်းနှင့် ကစားမည်ဖြစ်သည်။

## ပြန်လည်ရယူကြရန်

အင်္ဂလန်အသင်း ဥရောပဖလားခြေစစ်ပွဲ မအောင်ခြင်းသည် အဟန့်အတား တစ်ခုသာဖြစ်ကြောင်း၊ မိမိတို့သည် စွမ်းစွမ်းတမံကြိုးစားကာ ဆုံးရှုံးသွားသောအခွင့်အရေးတစ်ခုကို ပြန်လည်ရယူကြရန်သာ အဓိကဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် နောက်ကြောင်းကို ပြန်ကြည့်ပြီး ရှေ့လာမည့်ပွဲစဉ်ကြီး နှစ်ပွဲ၊ သုံးပွဲကို မယှဉ်ပြိုင်နိုင်ဟု အကြောင်းပြချက်ပေးစရာ အကြောင်းမရှိကြောင်း ဂျိုကိုးလ်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

**ချစ်စိုးနိုင် စုစည်းတင်ပြသည်**

# ရော်ဘင်ဟို ချယ်လ်ဆီးသို့ ပြောင်းရွှေ့မည်မဟုတ် ရီးရဲဥက္ကဋ္ဌ ကယ်လ်ဒါရွန် ပြောကြား

မက်ဒရစ် ဩဂုတ် ၁၉

**ဘရာဇီးနှင့် ရီးရဲမက်ဒရစ်တိုက်စစ်မှူးရော်ဘင်ဟိုသည် ချယ်လ်ဆီးသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ရီးရဲမက်ဒရစ်အသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ချယ်လ်ဆီးအသင်းသည် အသက် ၂၄နှစ်ရှိ ရော်ဘင်ဟိုအား နှစ်ကြိမ်ကမ်းလှမ်းရာတွင် နှစ်ကြိမ်စလုံး ငြင်းပယ်ခံခဲ့ရသည်။ အပြောင်းအရွှေ့ပိတ်ခါနီး သီတင်းနှစ်ပတ်နီးပါးမျှကျန်ချိန်တွင် ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ရာမွန်ကယ်လ်ဒါရွန်က ရော်ဘင်ဟိုသည် ဘာနေဗျူးတွင် ဆက်လက်ကစားနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။**

## ငြင်းပယ်ခဲ့

ရော်ဘင်ဟိုသည် မကြာသေးမီကသတင်းများအရ စကိုလာရီ၏ ချယ်လ်ဆီးအသင်းသို့ပြောင်းရန် ဆန္ဒရှိကြောင်း၊ ချယ်လ်ဆီးအသင်းက ရော်ဘင်ဟိုအား ဒုတိယအကြိမ်အဖြစ် ပေါင် ၂၃သန်းဝန်းကျင်ဖြင့် ကမ်းလှမ်းခဲ့သည်ဟု ယူဆရပြီး ယင်းကမ်းလှမ်းချက်ကို ပြီးခဲ့သည့် ရက်သတ္တပတ်က ရီးရဲမက်ဒရစ်မှ ငြင်းပယ်ခဲ့ပြီး ပေါင် ၃၅သန်း တောင်းဆိုခဲ့ကြောင်း သတင်း၌ဖော်ပြခဲ့သည်။

ရော်ဘင်ဟိုသည် ဩဂုတ် ၁၇ရက်က စပိန်စူပါဖလားပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်က ဗလင်စီယာအား သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲ၌ ပါဝင်ကစားခဲ့သည်။ ယခုအခါ ကယ်လ်ဒါရွန်က ရော်ဘင်ဟိုသည် ယခုရာသီတွင် ရီးရဲမက်ဒရစ်၌ ဆက်ကစားမည်ဖြစ်ကြောင်း အပြတ်ပြောကြားလိုက်ပြီဖြစ်သည်။ ရော်ဘင်ဟိုသည် ယခုရာသီတွင် ရီးရဲ၌ဆက်ကစားမည်မှာ သေချာကြောင်း၊ ၄င်းသည် တက်တက်ကြွကြွရှိပြီး ပျော်ရွှင်ကာ စိတ်ပါလက်ပါရှိနေကြောင်း၊ လေ့ကျင့်ကွင်းသို့ မှန်မှန်ဆင်းနေကြောင်း နည်းပြဘန်းရှူးစတားက မိမိအား ပြောကြားခဲ့ကြောင်း ကယ်လ်ဒါရွန်က ပြောကြားခဲ့သည်။ (အင်တာနက်)

နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
ဩဂုတ်(၉)ရက်မှ
စက်တင်ဘာ(၉)ရက် အထိ
အထူးပေးလက်ဆောင်များ ပေးနေပါပြီ

KMD
Year I IDCS ⇨ Year II IADCS ⇨ Year III B.Sc(Hons)
International Diploma in Computer Studies (IDCS)
Commencing Date 23 August 2008 (Sat to Sun) 7:00 to 2:00 pm

အမှတ်(၁)စက်မှုဝန်ကြီးဌာန
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း
ဝယ်ယူမည့်ပစ္စည်း - ကန့် တန်(၄၀)
တင်ဒါပိတ်ရက်နှင့်အချိန် - ၂၅-၈-၂၀၀၈ ရက် ၁၆:၀၀ နာရီ
တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။
မြန်မာ့စားသောက်ကုန်လုပ်ငန်း(ရောင်းဝယ်ရေးဌာန)
ရုံးအမှတ်-၃၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၇၀။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂)၊ လူနေရပ်ကွက်-ကံဘဲ့၊ မြေကွက်အမှတ်(၁၄၉)၊ အလျားပေ ၆၀ X အနံပေ ၁၀၀၊ ဧရိယာ ၀ဒသမ ၁၃၈၈ဧက အကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘိုးရာဇာလမ်း၊ အမှတ် ၂၆ ဟု ခေါ်တွင်သည့် အဆောက်အအုံ နှစ်လုံး၊ လျှပ်စစ်မီတာ၊ ရေ၊ တယ်လီဖုန်းတစ်လုံးနှင့် Air-con လေးလုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများမှ ဝယ်ယူရန် ရောင်းချသူအား မြေနှင့်အဆောက်အအုံဖိုးငွေအနက်မှ အချို့ငွေတစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားခဲ့ပြီးဖြစ်၍ ဖော်ပြပါ မြေအဆောက်အအုံတို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု ယူဆသူ မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက် အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးချစ်ကိုကို
LL.B,H.G.P, Dip in Business Law
Dip in Applied Psychology, Dip in Maritime Law.
တရားရုံးချုပ်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်းဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ်
အမှတ်၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄။

## မိုးကုတ်ဝိပဿနာ တစ်နေ့တာ တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၁၉

မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ သာသနဟိတ ဓမ္မာရုံတော်မြတ်ကြီး၏ ဝါတွင်းဝါပ ဥပုသ်နေ့တိုင်း တရားဓမ္မအစီအစဉ်အရ နံနက် ၇နာရီခွဲမှ ညနေ ၅နာရီအထိ မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ဟောကြား ပြသပေးမည် ဖြစ်ရာ မည်သူမဆို လာရောက် နာယူမှတ်သား ပွားများအားထုတ်နိုင်သည်။ အသေးစိတ်သိရှိလိုပါက အမှတ်(၂) ရပ်ကွက် သီတာလမ်း မြောက်ဥက္ကလာပ ဖုန်း-၆၆၁၀၅၁သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

စိတ်ထဲမှာဘာခံစားချက်မှ ရှိမနေဘူးလား !
ဒါဆိုရင် တစ်ယောက်ယောက်ကို ဝယ်ပေးချင်စိတ်ပေါက်လာအောင် ဒါမှမဟုတ်လည်း တစ်ယောက်ယောက်ကို အနားနားကပ်ပြီး ချွဲချွဲနွဲ့နွဲ့ ပူဆာချင်စိတ်ပေါက်လာအောင် Jasmine Phyu ကို ဝင်လာခဲ့လေ…
Jasmine Phyu
Gem & Jewellry Shop
No.56, Kabar Aye Pagoda Road,
Yinkin Township, Yangon,
Myanmar.
Tel: 95-1-661762

# ရဟန်းသာမဏေအတုအယောင်များ၊ သာမဏာသာရုပ္ပမဖြစ်သော ရဟန်းသာမဏေများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်သွားရေးနှင့်စပ်လျဉ်းပြီး စစ်တွေမြို့၌ သာသနာရေးဆိုင်ရာများ လျှောက်ထား

နေပြည်တော် ဩဂုတ် ၁၉

**ရခိုင်ပြည်နယ် စစ်တွေမြို့ပေါ်ရှိ ဂိုဏ်းပေါင်းစုံ ပြည်နယ်နှင့် မြို့နယ် သံဃနာယကအဖွဲ့ ဆရာတော်ကြီး ၂၈ပါးတို့အား ဩဂုတ် ၁၈ရက် နံနက် ၉နာရီခွဲတွင် စစ်တွေမြို့ လောကနန္ဒာစေတီ မဟာဝေယန်သာသနာ့ဗိမာန်တော်၌ ရခိုင်ပြည်နယ် သာသနာရေးဦးစီးဌာနမှ ခေတ္တ ပြည်နယ်သာသနာရေးမှူး ဦးတင်ဝင်းက ရဟန်းသာမဏေ အတုအယောင်များ၊ သာမဏာသာရုပ္ပမဖြစ်သော ရဟန်းသာမဏေများနှင့်ပတ်သက်၍ ဝိနည်းအရသော် လည်းကောင်း၊ တရားဥပဒေအရသော် လည်းကောင်း အရေးယူဆောင်ရွက်သွားရေးနှင့်စပ်လျဉ်းပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။**

ရခိုင်ပြည်နယ် သာသနာရေးဦးစီးဌာနမှ ခေတ္တ ပြည်နယ်သာသနာရေးမှူး ဦးတင်ဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင်-

**ရှိသေလေးမြတ်စွာ**
**လျှောက်ထားအပ်ပါသည် ဘုရား။**

၁၉၈၀ပြည့်နှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်စွာကျင်းပခဲ့ပြီးနောက် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ ပြည်နယ်/တိုင်း အစရှိသော သံဃနာယကအဖွဲ့အဆင့်ဆင့်တို့သည် "သံဃာ့ကိစ္စ၊ သံဃာဆောင်ရွက်" ဟူသော အခြေခံမူအရ ဝိနည်းတရားတော်အရသော် လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများအရသော် လည်းကောင်း ဆောင်ရွက်လာခဲ့သည်မှာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ သက်တမ်း ၂၈နှစ်ကာလသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည် ဘုရား။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၏ အဓိကတာဝန်ကြီးဖြစ်သော-

(၁) သာသနာတော်သန့်ရှင်းရေး
(၂) သာသနာတော်တည်တံ့ရေး
(၃) သာသနာတော်ပြန့်ပွားရေး

ဟူသော အဓိကတာဝန်ကြီး (၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်ဘုရား။ သံဃနာယက သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဝိနည်းတရားတော်နှင့်အညီ ဆုံးဖြတ်ခဲ့သော ဓမ္မစက်ကို နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့်ကိစ္စရပ်များတွင် အာဏာစက်ဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည် ဘုရား။

**အတုအယောင်**

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် အစိုးရအဖွဲ့အစည်းအဆင့်ဆင့်တို့ ဆရာ-ဒကာ လက်တွဲ၍ သာသနာတော်သန့်ရှင်းရေးအတွက် ဓမ္မစက်-အာဏာစက်တို့ဖြင့် ဆောင်ရွက်ခဲ့ကြသော်လည်း သာမဏာသာရုပ္ပမဖြစ်သော အပြုအမူများကို ပြုလုပ်ကြသည့် ရဟန်း သာမဏေများနှင့် ရဟန်းသာမဏေ အတုအယောင်များမှာ အရေအတွက်အားဖြင့် နည်းပါးသော်လည်း ပျောက်ကွယ်သွားခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည် ဘုရား။

ဥပမာအားဖြင့် စစ်တွေမြို့ ဆတ်ရိုးကျကျေးရွာနေ ဘဏ္ဍာချေ(ခ) မောင်လှသိန်း (၂၂)နှစ် (ဘ) ဦးမောင်ထွန်းသာ၊ စက်ရုံစုအကွက်(၁)နေ မောင်မောင်ကြီး (ခ) တောင်မော်(၃၈)နှစ် (ဘ)ဦးအလုံးမောင်၊ မင်းကျော်စိုး အသက်(၂၀) (ဘ) ဦးစံမြကျော်၊ မောင်မောင်(၂၅)နှစ် (ဘ) ဦးမောင်သာနု၊ဇော်ဌေး အသက်(၂၀) (ဘ) ဦးတင်ရွှေနှင့် စစ်တွေမြို့နယ် ဗျိုင်းဖြူရွာနေ ဦးအောင်ညွန့် (၅၇)နှစ် (ဘ) ဦးဝါဖြူအောင်တို့သည် သိက္ခာမတင်၊သိမ်မဝင်ဘဲ သင်္ကန်းဝတ်လျက် ရဟန်းအသွင်ဆောင်ကာ အလှူခံစားသောက်နေကြောင်း သတင်းရရှိသဖြင့် ဩဂုတ် ၁၄ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပူးပေါင်းအဖွဲ့မှ ၎င်းတို့နေထိုင်ရာအိမ်များသို့ ဝင်ရောက်စစ်ဆေးရာ ၎င်းတို့သည် ကျပန်းအလုပ်များလုပ်ကိုင်ရင်း ယခုကဲ့သို့ ရဟန်းအသွင်ဆောင်ကာ အလှူခံစားသောက်နေကြောင်း၊ သင်္ကန်းသေခံ သင်္ကန်းဟောင်းနှင့်တကွ ဖော်ထုတ်ဖမ်းဆီးရမိပြီး ပုဒ်မ-၂၉၅(က)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည် ဘုရား။ ထို့အပြင် ရဟန်းငယ်၊ ရှင်ငယ်အချို့သည် အရက်သေစာ သောက်စားမူးယစ်ခြင်း၊ သာမဏာသာရုပ္ပမဖြစ်သော အပြုအမူများ ကျူးလွန်ခြင်းတို့ကြောင့် ဝိနည်းတော်အရ ဩဝါဒပေးခြင်း၊ လုပ်ထုံးလုပ်နည်းများအရ အရေးယူခြင်းများအပြင် အချို့ကိစ္စများတွင် တရားဥပဒေအရပါ အရေးယူခဲ့ရသည်များကိုလည်း ဆရာတော်ကြီးများ သိရှိပြီးဖြစ်ပါသည် ဘုရား။

**လက်ညှိုးထိုးကဲ့ရဲ့**

ဘဏ္ဍာချေ(ခ)မောင်လှသိန်း အပါအဝင် ခြောက်ဦးတို့သည် ရဟန်းသာမဏေအသွင်ကိုယူ၍ အလှူခံ စားသောက်ခြင်းသည် အတုအယောင်ဖြစ်ကြောင်း ခေါ်ယူစစ်ဆေးမှသာ ပေါ်ပေါက်ခြင်းဖြစ်ပြီး သာမန်အားဖြင့် ရဟန်းရှင်လူတို့ အမြင်တွင်မူ ရဟန်းသာမဏေဟုသာ မြင်ကြပါလိမ့်မည်ဘုရား။ ထိုပုဂ္ဂိုလ်တို့၏ အပြုအမူကြောင့် ဝိနည်းတော်နှင့်အညီ သီတင်းသုံးနေထိုင်သော သံဃာတော်များ၏ဂုဏ်၊ သာသနာတော်ကြီး၏ ဂုဏ်ကိုပါ ထိခိုက်စေပါသည် ဘုရား။ ထို့အတူ အရက်သေစာသောက်စားမူးယစ်ခြင်းနှင့် သာမဏာသာရုပ္ပမဖြစ်သော အပြုအမူများကို ကျူးလွန်ကြသော ရဟန်းသာမဏေအချို့၏ လုပ်ဆောင်မှုများသည် သာသနာတော်ကို ကြည်ညိုဆည်းကပ်ကြသော ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရားကိုထိခိုက်စေပြီး အခြားဘာသာဝင်တို့က ဝမ်းမြောက်စရာ၊ လက်ညှိုးထိုးကဲ့ရဲ့စရာများ ဖြစ်ရပါသည် ဘုရား။

**ဝိနည်းဓမ္မကံ**

ဤကဲ့သို့ တပည့်တော် တင်ပြလျှောက်ထားခဲ့သည့် ရဟန်းသာမဏေများနှင့်ပတ်သက်၍ ဆရာတော်ကြီးများအနေဖြင့် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားလွှာများအရ ထိရောက်စွာအရေးယူပေးပါရန်နှင့် မိမိတို့တပည့်ငယ်၊ ရဟန်းငယ်များအား ဝိနည်းတော်နှင့်အညီ သီတင်းသုံးနေထိုင်ရေး၊ ကျောင်း/ ကျောင်းတိုက် စည်းကမ်းများနှင့်အညီ သီတင်းသုံးနေထိုင်ရေးတို့ကို အခါအားလျော်စွာ ဆုံးမဩဝါဒပေးတော်မူကြပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။ တပည့်တော်တို့ အစိုးရဝန်ထမ်း ဌာနဆိုင်ရာတို့အနေဖြင့် ဆရာတော်ကြီးများ ဆုံးဖြတ်ဆောင်ရွက်ခဲ့သော ဓမ္မစက်အပေါ် အာဏာစက်ဖြင့် ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လျှောက်ထားရင်း နိဂုံးချုပ်အပ်ပါသည် ဘုရားဟု လျှောက်ထားသည်။

## မိုးကုတ်သံဝေဇနိယ (နေ့) တရားစခန်း

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်း(မိုးကုတ်သံဝေဇနိယဓမ္မပူဇာအဖွဲ့)တွင် အကြိမ်(၂၀) မိုးကုတ်သံဝေဇနိယဓမ္မပူဇာ (နေ့) တရားစခန်းကို စက်တင်ဘာ ၆ရက် (စနေနေ့)မှ ၁၀ရက် (ဗုဒ္ဓဟူးနေ့)အထိ နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့် လုပ်ငန်းစဉ်များကို (တိုက်ရိုက်) နာယူကျင့်ကြံ အားထုတ်ကြမည်ဖြစ်ရာ ကျောင်းထိုင် ဆရာတော် ဦးဝိမလနှင့် ဆရာမ ဒေါ်အေးခိုင်(ဆုထူးပန်အဘိဓမ္မာ)တို့က တရားတော်အနှစ်ချုပ်စာအုပ်နှင့်အတူ ကြိုတင် ရှင်းလင်းဆွေးနွေးပေးမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများသည် ဆရာတော်ဦးဝိမလ၊ အရှင်သုစိတ္တ ဖုန်း-၃၈၂၂၈၆ မူလကမ္ဘာအေးလေးကျောင်း၊ ဒေါ်အေးအေး ဖုန်း- ၀၉-၈၆၀၁၇၇၄နှင့် ဒေါ်အေးအေးမာ ဖုန်း-၅၅၄၅၆၄ တို့သို့ ဆက်သွယ်၍ ဝင်ခွင့်ပုံစံများကို စက်တင်ဘာ ၄ရက် (ကြာသပတေးနေ့)နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် အသိပေးနှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ထို့နောက် အခမ်းအနားကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုသိမ်မြို့ ထော်လာဂျီယာဉ်များအသင်း ဖွဲ့စည်း ယာဉ်စည်းကမ်း ထိန်းသိမ်းမှုဆိုင်ရာများ ဆွေးနွေး

ပုသိမ် ဩဂုတ် ၁၅

ဧရာဝတီတိုင်း ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီ၏ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ညွှန်ကြားချက်နှင့်အညီ ပုသိမ်မြို့နယ် ထော်လာဂျီ (Farm Truck)ယာဉ်များအသင်း ဖွဲ့စည်းရေး အခမ်းအနားကို ဩဂုတ် ၅ရက်က ပုသိမ်မြို့ ကင်မလင်းကျွန်း အဝေးပြေးစခန်းရှိ တိုင်းမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီရုံးခန်းမ၌ ကျင်းပသည်။

**ဖွဲ့စည်း**

ရှေးဦးစွာ ဧရာဝတီတိုင်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးဂျွန်ရပ်စ်သောင်းက အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)**အခမ်းအနားသို့ တက်ရောက်လာကြသော ထော်လာဂျီ (Farm Truck) ယာဉ်ပိုင်ရှင်များ ဥက္ကဋ္ဌ ဦးကျော်စွာမြင့်၊ ဘဏ္ဍာရေးမှူး ဦးကျော်စိန်၊ စာရင်းစစ် ဦးစိုးလေး၊ အဖွဲ့ဝင်ဦးလှမြင့်ဦးနှင့် အတွင်းရေးမှူး ဦးလှဝင်းတို့ပါဝင်သော ပုသိမ်မြို့နယ် ထော်လာဂျီ (Farm Truck)ယာဉ်များအသင်းကို အောင်မြင်စွာဖွဲ့စည်းပေးလိုက်သည်။ အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသိန်းဝင်း၊ တိုင်းမော်တော်ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်းနှင့် တိုင်းမော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးကြိုင်တို့ တက်ရောက်ကြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းမှု လုပ်ငန်းဆိုင်ရာများကို ကဏ္ဍစုံလင်စွာအသီးသီးဆွေးနွေးကြကြောင်း သိရသည်။ (၁၅၇)

## ကျောက်ဖြူအမကများသို့ ကက်ဆက်များလှူဒါန်းပွဲကျင်းပ

ကျောက်ဖြူ ဩဂုတ် ၁၂

**ရွှေစီမံကိန်းအဖွဲ့ဝင်ကုမ္ပဏီများမှ ကျောက်ဖြူမြို့နယ် အခြေခံပညာမူလတန်းကျောင်းများသို့ ကက်ဆက်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၃၀ရက် နံနက်စနာရီက အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ကျောက်ဖြူမြို့နယ် ပညာရေးမှူး ဒေါ်တင်တင်အုန်းက အမှာစကား ပြောကြားပြီး ရွှေစီမံကိန်းအဖွဲ့ဝင်များ ကိုယ်စား စွမ်းအင်ဝန်ကြီးဌာနမှ လူမှုဆက်သွယ်ရေးအရာရှိ ဦးဇော်ညွန့်က ကျောက်ဖြူမြို့နယ် အခြေခံပညာမူလတန်းကျောင်းများသို့ ကက်ဆက်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွှေစီမံကိန်းအဖွဲ့ဝင်များ ကိုယ်စား စွမ်းအင်ဝန်ကြီးဌာနမှ လူမှုဆက်သွယ်ရေးအရာရှိ ဦးဇော်ညွန့်၊ ဒေဝူးရေနံကုမ္ပဏီမှ လူမှုစီးပွား ညှိနှိုင်းရေးမှူး ဦးစည်သူနှင့် တာဝန်ရှိသူများက ကျောင်းမိသားစု (အုပ်စု) ခေါင်းဆောင်များထံ ကက်ဆက် ၁၈၂လုံးကို ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်အုန်းက ရွှေစီမံကိန်းအဖွဲ့ဝင် ကုမ္ပဏီများကိုယ်စား စွမ်းအင်ဝန်ကြီးဌာနမှ လူမှုဆက်သွယ်ရေးအရာရှိ ဦးဇော်ညွန့်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

**ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဇောင်ဂျမ်းကုန်းကျေးရွာအဝင် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မင်းမင်းသန့် ဆောင်ရွက်ရာသို့ ဇူလိုင်၁၈ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်စဉ်။**
(မြို့နယ်စည်ပင်)

## တောင်တွင်းကြီး၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

တောင်တွင်းကြီး ဩဂုတ် ၁၅

မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမ၌ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေးပွဲကို ဩဂုတ်၁ရက် နံနက်၁၀နာရီက ကျင်းပသည်။

**ဆွေးနွေးပြောကြား**

စာဖတ်ဝိုင်းတွင် ရပ်သံကျွမ်းကျင် -၃ ဒေါ်သင်းသပြေခင်က ဒို့ကျေးရွာဂျာနယ် အတွဲ ၅၊ အမှတ် ၁၁မှ စာတည်းမှူး၏ သစ္စာနှင့်မေတ္တာကိုလည်းကောင်း၊ စာထောက်-၃ ဒေါ်သိန်းသိန်းတင့်က ဆောင်းပါးရှင် အေးဖြူ၏ မြန်မာအမျိုးသမီးများနေ့ကိုလည်းကောင်း၊ စာရေးဒေါ်အေးမိုးမိုးမြင့်က ဒို့ကျေးရွာဂျာနယ် အတွဲ ၅၊ အမှတ် ၁၂မှ စာတည်းမှူး၏ စံကိုလည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်-၂ ဦးနိုင်ဝင်းက ဒေါက်တာမတင်ဝင်း၏ ပျင်းရိရပ်နားမနေတတ်တဲ့ သူဟာ တိုးတက်ကြီးပွားတာပါပဲ ဆောင်းပါးများကိုလည်းကောင်း ဖတ်ကြားကြပြီး မြို့နယ် ဦးစီးမှူးဦးလှရှိန်က ဆောင်းပါးများကို ခြုံငုံသုံးသပ် ဆွေးနွေးပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

## မူးယစ်ဆေးဝါးဆန့်ကျင်ရေး စွမ်းရည်မြှင့်သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) လူငယ်ဒုတိယ သုံးလစွမ်းရည်မြှင့် သင်တန်းဖွင့်ပွဲကို ဩဂုတ်၁၀ရက်က ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လေ့ကျင့်ရေးသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လက်တွေ့သီဆိုတီးခတ်ပြသသည်။**(အောက်ပုံ)** အဆိုပါသင်တန်းမှာ ၁၂ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (၁၂၇)

**ကျိုင်းတုံမြို့ လမ်းဘေးဝဲယာရှိ ပန်းအလှပင်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ပိုသွင်းရာသို့ ဇူလိုင် ၃၀ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ပေးစဉ်။**
(မြို့နယ်စည်ပင်)

## ကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး ဆက်သွယ်ပညာပေးရေး လုပ်ငန်းရှင်းလင်း

သီပေါ ဩဂုတ် ၁၃

**ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာနသည် (UNEPA JOICFP) အဖွဲ့၏ ပံ့ပိုးမှုအစီအစဉ်ဖြင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အမူအကျင့်ပြောင်းလဲရေးအတွက် ဆက်သွယ်ပညာပေးရေးစီမံချက်လုပ်ငန်း ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ်၆ရက် နံနက်၁၀နာရီက သီပေါမြို့နယ်ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ရီရီထွေးက စီမံချက်လုပ်ငန်း ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ဆက်လက်၍ ဗဟိုကျန်းမာရေးပညာဌာနမှ ကျန်းမာရေးပညာအရာရှိ ဒေါ်စုစုနိုင်နှင့် ဦးအေးရီတို့က မြို့နယ်ရှိ ကျေးရွာများတွင် ဆောင်ရွက်မည့် ပြည်သူလူထုအထောက်အကူပြု ဖွဲ့စည်းရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊(JOICFP) စီမံချက်အရာရှိ ဒေါက်တာ အေးအေးသိန်းက ကျေးလက်ဒေသများတွင် ဖွင့်လှစ်မည့် ကျန်းမာဖွံ့ဖြိုးမှုဆိုင်ရာ လူငယ့်ရိပ်မွန်လုပ်ငန်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ (၀၂၀)

## မေတ္တာဂုဏ်ရည် စာပေဟောပြော

မန္တလေး ဩဂုတ် ၁၃

**ကျေးဇူးကြီးလှ မိနှင့်ဖ မေတ္တာဂုဏ်ရည် စာပေဟောပြောပွဲကို ဇူလိုင်၃၁ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ရာဇာခန်းမ၌ ကျင်းပသည်။**

**ဟောပြော**

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်က အမှာစကားပြောကြားပြီး စာပေဗိမာန်ဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာပေဆုရရှင် နံ့သာမောင်ကျော်ညွန့်၊ မြတ်မင်္ဂလာနှင့် မင်္ဂလာမောင်မယ် အယ်ဒီတာချုပ် မင်းယုဝေ၊ အမျိုးသားစာပေဆုရ လယ်တွင်းသားစောချစ်တို့က မိဘကျေးဇူးကြီးမားလှသည့်အတွက် သားသမီးများမှ အစဉ်ဦးထိပ်ထား၊ မမေ့မလျော့ရန်နှင့် မွေးကျေးဇူးများပေးဆပ်ကြရန် ကျေးဇူးကြီးလှ မိနှင့်ဖအကြောင်းကို ဟောပြောကြသည်။

**လက်ဆောင်များပေးအပ်**

ထို့နောက် အောင်စည်းဇိမ် ကျောက်မျက်ကုမ္ပဏီမှ အလှူငွေကျပ် ငါးသောင်းကို ဦးအောင်ကြီးက ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်ထံ ပေးအပ်သည်။ ဆက်လက်၍ ဆရာ ဆရာမများနှင့် ကျောင်းသားများက စာရေးဆရာကြီးများအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ကြောင်း သိရသည်။ (၀၉၀)

## သွေးလွန်တုပ်ကွေး ကာကွယ်ရေးဆောင်ရွက်

ရေဦး ဩဂုတ် ၁၃

ရေဦးမြို့တွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အောင်ဆန်းရပ်ကွက်အတွင်း ဩဂုတ် ၂ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာဦးဝင်းမောင်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

**ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လေဟာပြင်ဈေး၌ ကျန်းမာရေးနှင့် ညီညွတ်စေရန် သားငါးများအား ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်ရောင်းချနေမှုကို ဇူလိုင် ၆ရက်က အမှုဆောင်အရာရှိ ဦးမျိုးကြည်၊ ဦးစီးအရာရှိ ဦးဘဝွမ်နှင့် ဈေးမိဈေးဖတို့ ကြည့်ရှုစစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)

## မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

မလှိုင် ဩဂုတ် ၁၄

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ မြို့တွင်းလမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများနှင့် လမ်းဖြတ်ကူးပြွန်များအတွင်း ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်သရိုက်များ ပိတ်ဆို့မှုမရှိစေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်၂၀ရက် နံနက်ပိုင်းက မလှိုင်မြို့နယ်အတွင်းရှိ မိတ္ထီလာ-မြင်းခြံသွား အဝေးပြေးလမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက်တွင် ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများတူးဖော်ခြင်းတို့ကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းတူးဖော်ဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အမှုဆောင်အရာရှိ ဦးရဲနိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(တိုင်းစည်ပင်)**



# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကော့ကရိတ်၌ဖွင့်

ကော့ကရိတ် ဩဂုတ် ၁၀

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ရက်က ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်များနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ပြိုင်ပွဲသို့ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့မှ ဝါသနာရှင်များနှင့် အနုပညာရှင်များဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# မိခင်နို့တိုက်ကျွေးရေး လက်တွေ့သရုပ်ပြဟောပြော

ပေါင် ဩဂုတ် ၆

ပေါင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ ခုနှစ် ကမ္ဘာ့မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနားကို ဩဂုတ် ၂ရက် နံနက်၉နာရီက ပေါင်မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ် ဆရာဝန် ဒေါက်တာ ခင်စုစုဟန်က မိခင်လောင်းများ စနစ်တကျ မိခင်နို့ တိုက်ကျွေးကြရန် လက်တွေ့သရုပ်ပြ ဆွေးနွေးဟောပြော ပို့ချပေးခဲ့ကြောင်း သိရသည်။

(၁၇၆)

**အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီး တည်ဆောက်ရေးအတွက် အမှတ် ၁၁ မြလမ်း မြန်မာ့ဂုဏ်ရောင် အိမ်ရာ မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်(ငြိမ်း) ညွှန်ကြားရေးမှူး(ငြိမ်း)အကောက်ခွန်-ဒေါ်တင်တင်အေး(မိသားစု)က အလှူငွေကျပ် ၁၇၈၂၀၀၀တန်ဖိုးရှိ ရွှေစင်သုံးကျပ်သား ပေးအပ်လှူဒါန်းစဉ်။**

(မြန်မာ့အလင်း)

# ကဝမြို့ ထုံးကြီးတောင်ကျောင်း ဆရာတော်မွေးနေ့ပူဇာ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ကဝ ဩဂုတ် ၉

ကဝမြို့ ထုံးကြီးတောင်ကျောင်း ပဓာနနာယက သက်တော်ရှည် ဆရာတော်ကြီး ဦးကေသရ၏ (၈၉)နှစ်ပြည့် မွေးနေ့ပူဇာပွဲကို ၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၂ရက် (ဩဂုတ်၃ရက်) တနင်္ဂနွေနေ့က အဆိုပါကျောင်းတိုက်၌ကျင်းပရာ ဆရာတော်၊ သံဃာတော်အပါး ၅၀တို့အား ဝါဆိုသင်္ကန်းဒွိစုံ၊ ဝတ္ထုငွေနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တပည့်ဒါယကာ၊ ဒါယိကာမတို့က ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြရာ အင်းတကော်စံပြကျေးရွာ အမှတ် ၉ ဘုန်းတော်ကြီးသင်ပညာရေး စစ်ကိုင်းကျောင်း နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိက အမှူးပြုပြီး ဆရာ ဆရာမများက ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ပူဇော်ကြသည်။ **(အပေါ်ပုံ)**

(၀၆၄)

# တောင်ငူမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်

တောင်ငူ ဩဂုတ် ၈

၂၀၀၈ခုနှစ် တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ဖလား) ရပ်ကွက်၊ ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ရက် ညနေ ၃နာရီခွဲက တောင်ငူမြို့ ခရိုင်အားကစားကွင်း၌ ကျင်းပရာ ဘောလုံးဒိုင်လူကြီးများအား ဒိုင်ဝတ်စုံများကို မြို့နယ်အတွင်းရေးမှူး ဦးစိုးမင်းက ပေးအပ်ပြီး ဘောလုံးပြိုင်ပွဲကျင်းပရေး စရိတ်ငွေများကို မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်လတ်အား မြို့နယ်အတွင်းရေးမှူးက ပေးအပ်သည်။

**ပေးအပ်**

ပဲခူးတိုင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သော ပြိုင်ပွဲသုံး ဘောလုံးများကို မြို့နယ်ဥက္ကဋ္ဌကိုယ်စား မြို့နယ်အတွင်းရေးမှူးထံ ပဲခူးတိုင်း ဒုတိယညွှန်ကြားရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဋ္ဌေးက ပေးအပ်သည်။

ထို့နောက်တွင် ကံစိုးကျေးရွာအုပ်စုအသင်းနှင့် ရွှေလေးအင်းကျေးရွာ အုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကံစိုးဘောလုံးအသင်းက ရွှေလေးအင်းဘောလုံးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(၀၄၈)

# ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်

**ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီးအား ရွှေစင်ရွှေပြားရွှေသင်္ကန်းတော်များ ကပ်လှူရန်အတွက် မိဘများဖြစ်ကြသော ဦးကြည်-ဒေါ်ကျင်ရီနှင့် သားကြီး ကိုမျိုးမင်းထွန်းတို့အား ရည်စူး၍ ဩဂုတ် ၁၀ ရက်က ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ၂၉လမ်း အမှတ်(၂၆/၂၈)နေ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် တာဝန်ခံအလှည့်ကျဂေါပက ဦးလှထွန်း-ဒေါ်ညွှန့်ညွှန့်သန်း၊ သားသမီး၊ မြေးတစ်စုက ငွေကျပ်တစ်သိန်းကို အလှည့်ကျဂေါပက အဖွဲ့ဝင် ဦးခင်ဆွေနှင့်ဂေါပကအဖွဲ့ဝင်ဦးအောင်ဆုတို့ထံ ပေးအပ်လှူဒါန်းစဉ်။** (ဂေါပကအဖွဲ့)

**ရပ်စောက်မြို့ ကြို့ဆိုပါ၏ ဆိုင်းဘုတ်ပတ်ဝန်းကျင် သာယာလှပရေးလုပ်ငန်း ဆောင်ရွက်မှုကို ဇွန် ၁၆ရက်က ရပ်စောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးခင်မောင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အင်္ဂပူ၌ ကျင်းပ

အင်္ဂပူ ဩဂုတ် ၁၂

အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးတင့်နှင့်အဖွဲ့သည် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်သစ်တောဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဇူလိုင် ၂၈ရက် နံနက် ၇နာရီက အမှတ်(၁)ရပ်ကွက် နန္ဒဝန်လမ်းနှင့် ဘဲပြာတာပေါ်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ကြက်ဆူပင် အပင်၂၀၀၀ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# မြို့နယ်သတင်းများ

# မိခင်နို့ စနစ်တကျတိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု ရေဦး၌ကျင်းပ

ရေဦး ဩဂုတ် ၁၀

ရွှေဘိုခရိုင် ရေဦးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်းကျင်းပသော မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၅ရက် နံနက် ၁၁နာရီက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းက မိခင်နို့စနစ်တကျ တိုက်ကျွေးရေး အကြောင်း ပညာပေး ဟောပြောသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြို့ပေါ်ငါးရပ်ကွက်မှ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဇန်းမော်မြို့နယ်စည်ပင် ပိုလ်ချုပ်လမ်းဖာထေး

ဇန်းမော် ဩဂုတ် ၁၄

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းပေါက်များ ဖာထေးပြုပြင်ခြင်းလုပ်ငန်းကို ဩဂုတ် ၇ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးနေလင်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးစိုးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ထားဝယ်မြို့ တလိုင်းထိန်ရပ် ဇရပ်လမ်းတွင် ထပ်ပိုးကတ္တရာခင်းရန် ဇူလိုင် ၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွှန့်နှင့်လက်ထောက်အင်ဂျင်နီယာ ဦးညွှန့်လှိုင်တို့ကြည့်ရှုစစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)

20-8 (16).pmd 1 8/21/2008, 3:30 AM

## မြန်မာ့အာမခံလုပ်ငန်းသည်

၂၀၀၈ ခုနှစ် မေလအတွင်း နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် အာမခံထားရှိသည့် အဆောက်အအုံနှင့် ကုန်ပစ္စည်းများဆုံးရှုံးမှုအတွက် လျော်ကြေးငွေများပေးလျော်ခဲ့သဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်တကွ တာဝန်ရှိလူကြီးမင်းများနှင့် ဝန်ထမ်းများအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း-

- Golden Lion High Tech Agricultural Resources Co., Ltd.
- Dragon Group Co.,Ltd.
- Great Diamond Mountain Co.,Ltd.
- Space Light Co.,Ltd.
- Golden Shell Carton Box Factory
- U Khin Shwe
- U Ko Ko
- မြန်မာ့အာမခံကိုယ်စားလှယ် ဒေါ်စန္ဒာထွေး လိုင်စင်အမှတ် (က-၉၁၁)၊ ဖုန်း-၀၉-၅၀-၁၂၄၄၆၊ ၀၉-၅၀-၃၉၁၁၉။

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်သက်ဆွေဦး၏ နိုင်ငံကူး လက်မှတ်-၈၂၃၂၁၉ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ ဖုန်း-၆၁၀၈၉၆။





## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ မောင်တင်ကြိုင် ၁၃/နမတ(နိုင်)၀၁၈၃၅၀ သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘနှင့် ညီအစ်ကိုမောင်နှမများ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ၁၇-၈-၂၀၀၈ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း။

အဖ ဦးညွန့်ဝေ ၁၃/လရန(နိုင်)၀၃၀၅၆၂
အမိ ဒေါ်အုံးကြိုင် ၁၃/လရန(နိုင်)၀၂၉၀၇၆။

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## မြောက်ဥက္ကလာပ တိုင်းရင်းဆေးဆရာအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

မြောက်ဥက္ကလာပမြို့နယ် တိုင်းရင်းဆေးဆရာများအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက်က မုံရွာ ဆရာမိုး ရှောက်တစ်လုံး ဝမ်းမှန်ဆေး တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြောက်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် မေဓာဝီလမ်းမကြီးနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း၊ သမီး မမိုးပြည့်ပြည့်ဖြိုး၊ (မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု)က မြို့နယ်တိုင်းရင်းဆေးဆရာများအသင်း ရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀သိန်းပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဆရာကြီးဦးကျော်မြင့် (ကျော်လူတိုင်းရင်းဆေး၊ စစတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)၊ ဘဏ္ဍာရေးမှူး ဆရာကြီးဦးမြင့်ဝေ (ကျမ်းပြုစာရေးဆရာ ဆရာမြင့်၊ စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း)နှင့် အဖွဲ့ဝင်ဆရာကြီးဦးအုန်းလှိုင်(စိန်ငါးလုံး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်း)တို့က လက်ခံယူပြီး **(ဝဲပုံ)**အလှူရှင်များသို့ မြို့နယ်တိုင်းရင်းဆေးဆရာများအသင်း ကိုယ်စား ဘဏ္ဍာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(၁၁၈)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ညောင်လေးပင်မြို့ သက်တော်ရှည်အဘိုး ဦးထွန်းကြည် မိသားစုက အလှူငွေကျပ်လေးသိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ကပ္ပိယကာရကမှတစ်ဆင့် ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

## လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

လှည်းကူး ဩဂုတ် ၁၄

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရိပ်သာရပ်ကွက် မေဃဝတီ (၂) လမ်းအတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇွန် ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးစိန်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးချစ်သက်ဇော်တို့ ကြီးကြပ်ဆောင်ရွက် ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရေနံချောင်းမြို့ အထက(၁) ရွှေပါရမီကျောင်းဆောင်သစ်အတွက် ရေနံချောင်းမြို့ မြို့မတောင်ရပ်နေ ဦးသက်နိုင်-ဒေါ်နွယ်နီအောင်မိသားစုက ငွေကျပ်ငါးသိန်းကို ရွှေပါရမီ ဆောင်ဖြစ်မြောက်ရေး အဖွဲ့နာယက ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

သပိတ်ကျင်းမြို့ ကြာညှပ်ကျေးရွာ-မဟာဗျူဟာလမ်း ပြုပြင်မှုကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးဟန် ကွင်းဆင်းကြည့်ရှုစစ်ဆေး ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဂျော့(ချ်) မျိုးမြင့်က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

## စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း မဟာအောင်မြေ၌ဖွင့်

မန္တလေး ဩဂုတ် ၁၆

မဟာအောင်မြေ မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် စာကြည့်တိုက် ပညာဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၂ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်း အဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မောင်စိုးက အမှာစကား ပြောကြား ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက စာကြည့်တိုက် ပညာရပ်များကို လည်း ကောင်း၊ စာထောက်(၃) ဒေါ်နွဲ့နွဲ့ကြူက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို လည်းကောင်း ဆွေးနွေးသင်ကြားပို့ချသည်။**(အောက်ဝဲပုံ)**

**(မြို့နယ် ပြန်/ဆက်)**

## စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ပင်းတယ၌ဖွင့်

ပင်းတယ ဩဂုတ် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်းတယမြို့နယ် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၀၈) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၃၀ရက် နံနက် ၁၀ နာရီက ပင်းတယမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဇော်ဂျီ ဦးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်လင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မိုးမိုးထွေးက စာကြည့်တိုက်ပညာဆင့်ပွား သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

### သင်ကြားပြသ

သင်တန်းသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စာရေး များဖြစ်ကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုရှိ သင်တန်းသား သင်တန်းသူ ၃၉ဦး တက်ရောက်ကြပြီး၊ သင်တန်းနည်းပြများအဖြစ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်အတူ ရပ်သံကျွမ်းကျင်(၃) ဒေါ်မေဇင်ဦးနှင့် အငယ်တန်းစာရေး ဒေါ်သန်းထူးစိန်တို့က တာဝန်ယူ သင်ကြားပြသပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ရန်ကင်းမြို့နယ် တိုက် ၂၁၁ အခန်း ၁၆နေ ဒေါ်လှဲ့လှဲ့မြင့် (Australia) မွေးနေ့အတွက် (ကိုယ်စား)ညီမဖြစ်သူ ဒေါ်စုစုမြင့်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အောဘယ်လ်(ငြိမ်း)၊ ဥက္ကဋ္ဌပါရဂူဗိုလ်မှူးကြီးမျိုးညွန့်နှင့် အတွင်းရေးမှူး ဦးထွန်းအေးတို့က လက်ခံယူကြစဉ်။** (မြန်မာ့အလင်း)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

● မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
● မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား


# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့ တွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari တို့ ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ဧည့်ရိပ်သာ၌ တွေ့ဆုံကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင် အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြောရေးဆိုခွင့်အာဏာပိုင် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ■


မြန်မာ့အလင်း ဆောင်းပါး အညွှန်း

အများကောင်းကျိုးကို အများနဲ့အတူ စုပေါင်းပါဝင်ပြီး ညီညီညာညာ ညီညီညွတ်ညွတ် လက်တွဲကြရမည့် အချိန်အခါပါ။ နိုင်ငံတကာ အခြေအနေတွေကိုကြည့်ရင် အကောင်းအဆိုး၊ အကြောင်းအကျိုးတွေ မြင်ရပါမယ်။ ကောင်းတဲ့ အပြုအမူတွေကိုလုပ်မှ ကောင်းကျိုးမှုချရမယ်။

ချစ်နိုင်(စိတ်ပညာ)၏ ဆောင်းပါး စာ - ၁၀



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး